ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ ပြာသိုလကွယ်၊ တနင်္လာနေ့၊ (23-1-2012) (၇၀၁၃)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

အမေရိကန်အထက်လွှတ်တော်အမတ် မစ္စတာ ဂျွန်မက်ကိန်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်အထက်လွှတ်တော်အမတ် Mr. John Sidney McCain ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော်အမေရိကန်အထက်လွှတ်တော်အမတ် Mr. John Sidney McCain ဦးဆောင်သော အထက်လွှတ်တော်အမတ်များဖြစ်ကြသည့် Mr. Joseph Isadore Lieberman၊ Mr. Sheldon Whitehouse၊ Mrs. Kelly Ann Ayotte တို့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးယာယီတာဝန်ခံ Mr. Michael E. Thurston လည်း တက်ရောက်သည်။

ယင်းသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်အထက်လွှတ်တော်အမတ် Mr.John Sidney McCain ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (အပေါ်ပုံ) **နှင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ အမေရိကန်အထက် လွှတ်တော်အမတ် Mr. John Sidney McCain ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။**

(ဝဲပုံ) (သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့်

၂၃-၁-၂၀၁၂[တနင်္လာနေ့]။

စီးပွားရေး အဏုကြည့်မှန်ဘီလူး

စီးပွားရေးလုပ်ငန်းတစ်ခုတွင်ဖြစ်စေ၊ မိသားစုအိမ်တွင်းမှုဘဝတစ်ခုတွင်ဖြစ်စေ သက်သာရာသက်သာကြောင်းကို ရှာဖွေတတ်ကြသည်။ ဈေးတွက်တွက်ကြသည်။ ကုန်ကျစရိတ်ကို အနိမ့်ဆုံးအဆင့်ရောက်အောင် လျှော့ချလိုကြသည်။ တွက်ခြေကိုက်သော အလုပ်ကိုလုပ်ကြသည်။

ထို့ကြောင့် အပိုငွေမကုန်ရန် ကိုယ့်အားကိုယ်ကိုးဖန်တီးသော ပထမအယူအဆစနစ်သည် ရှေးရှေးကရှိခဲ့သည်။ တစ်ဖန် လူမှုစီးပွားဘဝသည် တစ်ပတ်ပြန်လည်လာပြန်ရာ ကိုယ်တိုင်ဖန်တီးသောစနစ်ကို စွန့်လွှတ်၍ ဒုတိယအယူအဆစနစ်ကို သုံးစွဲခဲ့ကြသည်။ ဥပမာ အပ်ချုပ်သမားသည် သူ၏ဖိနပ်ကို သူကိုယ်တိုင်မချုပ်၊ ဖိနပ်ချုပ်သမားသည် သူ၏အဝတ်အစားကို သူကိုယ်တိုင်မချုပ်၊ လက်ဖက်ရည်ကြိုက်သူသည် သူသောက်မည့် လက်ဖက်ရည်ကို သူကိုယ်တိုင်မဖျော်ကြသကဲ့သို့ ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် ဈေးတွက်တွက်ကြည့်လျှင် တွက်ခြေမကိုက်တော့သဖြင့် မိမိလိုအပ်ချက်ကို မိမိကိုယ်တိုင်ဖန်တီးခြင်းသည် ကုန်ကျစရိတ်ကို ပိုမိုများစေသည်ဟု အယူအဆသစ်ဖြစ်လာခဲ့သည်။ တစ်ခေတ်တစ်ခါက ပထမအယူအဆသည် ခြိုးခြံချွေတာရေးမှုဖြစ်သော်လည်း ကာလတစ်ခုတွင် အသုံးမဝင်။ ဒုတိယအယူအဆသည် တစ်ခေတ်တစ်ခါက အပိုကုန်ကျသည့်မှုဖြစ်သော်လည်း နောက်ကာလတွင် အသုံးဝင်လာသည်။

ဈေးကွက်စီးပွားရေးစနစ်ဖြစ်လာပြန်သောအခါ ဒုတိယအယူအဆသည်လည်း အဟောသိကံဖြစ်လာရသည်။ ပိုမိုသက်သာပြီး အမြတ်အစွန်းများသော ကြီးမားသောဈေးကွက်စနစ်ကြီးများကို ထူထောင်လာကြပြန်ရာ ဒုတိယအယူအဆကိုင်စွဲသောသူများမှာလည်း အလုပ်လက်မဲ့ဖြစ်လာကြသည်။ ယင်းသို့ဖြင့် စီးပွားရေးမဟာဗျူဟာများသည် ခေတ်စနစ်အလိုက် ပြောင်း၍ပြောင်း၍ လာခဲ့ကြသည်။

စက်ချုပ်ဆိုင်များနေရာတွင် အထည်ချုပ်စက်ရုံများပေါ်လာသည်။ ဖိနပ်ချုပ်ဆိုင်များနေရာတွင် ဖိနပ်စက်ရုံများ ပေါ်လာသည်။ လက်ဖက်ရည်ဆိုင်များနေရာတွင် အသင့်ဖျော်အထုပ်စက်ရုံများ ဝင်လာသည်။ ထိုဥပမာသုံးရပ်တည်းတွင်ပင် အလုပ်ရှင်နှင့် ပြည်သူ၊ သက်သာခြင်းနှင့် မြတ်စွန်းခြင်း၊ အလုပ်အကိုင်ရရှိခြင်းနှင့် ဝင်ငွေတို့ကို အချိုးချကြည့်ဖို့လိုမည်။ လူမှုစီးပွားရေးဘဝ၏ အပေါ်လွှာ၊ အလယ်လွှာ၊ အောက်ဆုံးအလွှာ အလွှာသုံးလွှာတွင် အများဆုံးမှာ အောက်ဆုံးအလွှာဖြစ်ပြီး အနည်းဆုံးမှာ အပေါ်လွှာဖြစ်သည်။ အလယ်လွှာသည် အပေါ်လွှာနှင့် အောက်ဆုံးအလွှာအကြား ထိန်းညှိပေးသောအလွှာဖြစ်သည်။ ယင်းသည် လူမှုစီးပွားရေးဘဝ၏ စိန်ခေါ်မှုများဖြစ်သည်။

ထိုစိန်ခေါ်မှုများတွင် သန့်ရှင်းသောအုပ်ချုပ်မှု၊ ကောင်းမွန်သောအုပ်ချုပ်သူနှင့် ပြည်သူ့ကိုယ်စားလှယ်များမှာ ဦးဆောင်သူများဖြစ်သည်။ ပြည်သူတို့မှာ နောက်လိုက်များသာဖြစ်သည်။ နေ့စဉ် နိစ္စဓူဝလုပ်ကိုင်မှုအပေါင်းတွင် အခက်အခဲပေါင်းများစွာ ရှိသည်။ ခေတ်နှင့် စနစ် သဟဇာတဖြစ်ဖို့လိုသည်။ အများပြည်သူအကျိုးစီးပွား အလေးထားဖို့လိုသည်။ ဦးဆောင်သူထက်ကြားခံပွဲကိုင်များမှာ အရေးပါသည်။

ပြာပုံထဲမှ ရှန်းကန်နိုးထကြရာတွင် လူအများ၏အရေးကို မြော်တွေးဆုံးဖြတ်ကြရသည်။နိုင်ငံ၏လူဦးရေအများစုသည် အခြေခံလူတန်းစားများသာဖြစ်သဖြင့် အခြေခံလူတန်းစားများအရေးကို အခြေခံကြသောအချက်သာ အဓိကဖြစ်သည်။ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးသည်လည်း ထိုအချက်သာဖြစ်သည်။ထို့ကြောင့် အခြေခံလူတန်းစားများနှင့် အနီးကပ်ထိတွေ့ဆက်ဆံဆုံးဖြတ်ကြရသော ပွဲကိုင်ကြရသူများသည် လူမှုစီးပွားဘဝစက်ဝန်းကို အဏုကြည့်မှန်ဘီလူးဖြင့် ကြည့်၍ ဖန်တီးဖော်ဆောင်ပေးရမည့် အချိန်ဖြစ်ပါသည်။ ။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး အခြေခံပညာကျောင်းများ လှည့်လည်စစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၂

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် အမှတ်(၁)၊ (၂)နှင့် (၃) အခြေခံပညာဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ လိုက်ပါလျက် ယမန်နေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ပြန်လည်ပြုပြင် ဆောက်လုပ်မည့် ကျောင်းဆောင်၏အခြေအနေကို ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ဆရာမကြီးက လိုက်လံရှင်းလင်းပြသပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက် အင်းစိန်မြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိရာ ကျောင်းအုပ်ဆရာမကြီးက အောင်ချက်ရာနှုန်းမြင့်မားရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ကမာရွတ်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၃-၁-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၄ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၂၀ ၃။ ဓမ္မပူဇာတေး
၇း၂၅ ၄။ မျိုးချစ်တပ်မတော်
၇း၃၀ ၅။ မြန်မာ့ရှုခင်း
၇း၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ ပညာပေးဇာတ်လမ်းတို

ညပိုင်း

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ စိုက်ပျိုးသုတ
၄း၂၅ ၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၄၅ ၆။ မှတ်တမ်း
၄း၅၀ ၇။ ဗွီစီဒီကျော်ကြားတေး
၅း၀၀ ၈။ ကြိုတင်တားဆီးရန်သူမီး
၅း၀၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် (အပိုင်း-၇၃)**
၆း၀၀ ၁၁။ မြဝတီ ရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၃။ သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ကောင်းကင် (အပိုင်း-၄၉)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ဒို့တာဝန်အရေး(၃)ပါး
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ Talk of The Town
၂၁။ မေးမြန်းစူးစမ်း
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အချစ်ကြီးချစ် (အပိုင်း-၈)**
၂၄။ Mini Series

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၂ - ၁ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၁. ၅၀၀၀	၀. ၀၃၁၇၅
တရုတ် (ယွမ်)	၆. ၃၃၃၀၀	၀. ၁၅၇၉၀
အိန္ဒိယ (ရူပီး)	၅၀. ၂၂၅၀	၀. ၀၁၉၉၁
မလေးရှား (ရင်းဂစ်)	၃. ၁၀၅၀၀	၀. ၃၂၂၀၆
စင်ကာပူ (ဒေါ်လာ)	၁. ၂၇၁၇၀	၀. ၇၈၆၃၅
ဂျပန် (ယန်း)	၇၆. ၉၆၀၀	၀. ၀၁၂၉၉
တောင်ကိုရီးယား(ဝမ်)	၁၁၃၂. ၉၀	၀. ၀၀၀၈၈
ယူရို	၀. ၇၇၃၂၈	၁. ၂၉၃၂၀
ဗြိတိသျှ (ပေါင်)	၀. ၆၄၂၄၇	၁. ၅၅၆၅၀

အင်တာနက်။

ကျေးလက်နေပြည်သူများ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာပေဟောပြောပွဲများ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၂

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် စာရေးဆရာများဖြစ်ကြသော ချစ်နိုင်(စိတ်ပညာ)၊ မြင်းမူမောင်နိုင်မိုး၊ မောင်ဆန္ဒ(လယ်ဝေး)တို့သည် ကျေးရွာစာကြည့်တိုက်များ တည်တံ့ခိုင်မြဲတိုးတက်ရေးနှင့် ကျေးလက်နေပြည်သူများ စာဖတ်ရှိန်မြှင့်တင်ရေးတို့အတွက် စာပေဟောပြောပွဲများ ကျင်းပခဲ့သည်။ ဇန်နဝါရီ ၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် မန်းကျည်းစောက်ကျေးရွာတွင်လည်းကောင်း၊ ဇန်နဝါရီ ၁၀ ရက်တွင် ခင်ဦးမြို့နယ် အောင်သာကျေးရွာတွင်လည်းကောင်း ကျင်းပရာ ကျေးရွာနေ ရွာသူ၊ ရွာသားများနှင့် နီးစပ်ရာပတ်ဝန်းကျင်ကျေးရွာများမှ စာပေဝါသနာရှင်များ လာရောက်နားထောင်ခဲ့ကြကြောင်း သိရှိရသည်။

အလားတူပင် စာရေးဆရာ မြင်းမူမောင်နိုင်မိုးနှင့် မောင်ဆန္ဒ(လယ်ဝေး)တို့သည် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ပဲကြီးကျွန်းကျေးရွာ၌ ဒီဇင်ဘာ ၉ ရက်က လည်းကောင်း၊ သုံးမြေဆိုင်ကျေးရွာ၌ ဒီဇင်ဘာ ၁၀ ရက်က လည်းကောင်း၊ အုတ်ပုံကျေးရွာ၌ ဒီဇင်ဘာ ၁၁ ရက်က လည်းကောင်း ကျေးလက်နေပြည်သူများနှင့် တွေ့ဆုံ၍ စာပေရေးရာများ ဟောပြောခဲ့ကြကြောင်း သိရသည်။ (သတင်းစဉ်)

တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေး ကူညီဆောင်ရွက်

ညောင်တုန်း ဇန်နဝါရီ ၂၂

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်တိုင်းရင်းဆေးကုဌာနမှ တာဝန်ရှိသူများသည် ဇန်နဝါရီ ၁၉ ရက်က ၂၀၁၁-၂၀၁၂ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေးအတွက် ဝိုင်းဝန်းကူညီသည့်အနေဖြင့် သဇင်ရေကျော်(တွဲ) အထကရှိ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအား စိတ်ဓာတ်မြှင့်တင် အားပေးစကားပြောကြားခြင်း၊ တိုင်းရင်းဆေးဖြင့် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကျောင်းသုံးဗလာစာအုပ်များနှင့် အစာအာဟာရ လှူဒါန်းခြင်းများကို ပြုလုပ်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

(၆၁၂)

မီးလောင်မှုလျော့နည်းကျဆင်းစေရန်

(က) မီးသုံးစွဲလျှင် အမြဲသတိရှိပြီး လူစောင့်ထားပါ။
(ခ) မီးဖိုအနီးတွင် လောင်စာနှင့်လောင်စာဆီများ မထားပါနှင့်။
(ဂ) မီးဖိုများကို မြေကျင်းတူး၍ စနစ်တကျအသုံးပြုပါ။
(ဃ) ကလေးသူငယ်များကို မီးမဆော့ပါစေနှင့်။
(င) မီးခွက်၊မီးအိမ်၊ ဖယောင်းတိုင်များကို ထရံအနီး၊ ခြင်ထောင်အနီးတွင် မထွန်းပါနှင့်။
(စ) တောမီးလောင်မှုကြောင့် အဆောက်အအုံများကို မီးကူးစက်လောင်ကျွမ်းခြင်း မခံရအောင် ရွာပတ်ဝန်းကျင်တွင် လုံလောက်သောမီးတားလမ်းများ စနစ်တကျပြုလုပ်ထားပါ။
(ဆ) လူနေအိမ်ခြေနှင့်ကပ်လျက် ကောက်ရိုးပုံ၊ ပြောင်းပုံများစုမထားပါနှင့်။
(ဇ) ဓာတ်ဆီရောနှောထားသော ရေနံဆီများကို မီးမထွန်းပါနှင့်၊ မီးလည်း မမွှေးပါနှင့်။
(ဈ) ကောက်ရိတ်သိမ်းချိန်တွင် လယ်ကွင်းအတွင်း၌ ဆေးလိပ်သောက်ခြင်း၊ မီးကိုအသုံးပြုခြင်းမလုပ်ပါနှင့်။
(ည) အမဲလိုက်၊ ထင်းခွေသူများ ဆေးလိပ်မီးကို အရမ်းပစ်ခြင်းမပြုလုပ်ပါနှင့်။
(ဋ) ဟိုတယ်၊ မိုတယ်၊အင်း၊တည်းခိုခန်း၊ စားသောက်ဆိုင်နှင့် လုပ်ငန်းများတွင် ထိရောက်သောမီးဘေးကာကွယ်ရေးပစ္စည်းများကို လုံလောက်စွာထားရှိပါ။
(ဌ) မြို့/ရပ်ကွက်၊ ကျေးရွာများအလိုက်အပေါ့စားမီးသတ်စက်များ၊ မီးသတ်ကန်များ၊ မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများကို ကိုယ့်အားကိုယ်ကိုး ဝယ်ယူထားပါ။

မီးသတ်ဦးစီးဌာန

ဇန်နဝါရီ ၁၅ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ အမှတ်(၂၄) အခြေခံပညာမူလတန်းကျောင်း၌ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားတွင် သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသော မထက်ထက်အဥ္စလီအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ထား ဆုချီးမြှင့်စဉ်။ (ပညာရေး)

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

အကြိမ်(၃၀)မြောက် ရာမညနိကာယ ပရိယတ္တိစာဖြေပွဲ ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၂၂

မွန်ဒေသလုံးဆိုင်ရာ ရာမညမေ္ဘာစရိယ စာဖြေပွဲကျင်းပရေးကော်မတီက နှစ်စဉ်ကျင်းပမြဲဖြစ်သော အကြိမ်(၃၀)မြောက် မွန်ဒေသလုံးဆိုင်ရာ ရာမညနိကာယ ပရိယတ္တိစာဖြေပွဲကို ၁၃၇၃ခုနှစ် တပို့တွဲလဆုတ် ၁၄ ရက် (၆-၂-၂၀၁၂ ရက်)မှ တပေါင်းလဆန်း ၄ ရက်(၁၁-၂-၂၀၁၂ရက်) အထိ ငါးရက်တိုင်တိုင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သာသနာ(၂၅၀၀) ရာမညမေ္ဘဗိမာန်၌ ကျင်းပမည်ဖြစ်ရာ ပရိယတ္တိ စာမေးပွဲတွင် ဩဝါဒါစရိယ ဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များ၊ စာစစ်၊ စာထောက်ဆရာတော်များ အပါး ၁၀၀ကျော်ခန့်က ကြီးကြပ်ဆောင်ရွက်ပေးကြမည် ဖြစ်သည်။

စာဖြေသံဃာတော်များအား ဆွမ်းတစ်ရက်စာ ငွေကျပ် ၁၀ သိန်း၊ ဆွမ်း တစ်နပ်စာငွေကျပ် ငါးသိန်း၊ ဆွမ်းတစ်ဝိုင်းစာငွေကျပ် ၅၀၀၀ နှင့် အချိုပွဲတစ်ပွဲလျှင် ငွေကျပ်တစ်သိန်းကုန်ကျမည်ဖြစ်၍ ပါဝင်လှူဒါန်းလိုသူများသည် သာသနာ (၂၅၀၀) ကျောင်း ဖုန်း-၀၅၇-၂၄၀၇၉၊ ဥက္ကဋ္ဌ နိုင်မင်းချစ်ငွေ ဖုန်း-၀၉-၅၃၂၃၁၂၇ နှင့် ဒုတိယဥက္ကဋ္ဌ နိုင်ဉာဏ် ဖုန်း-၀၅၇-၂၄၆၆၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

လျှပ်စစ်မီးအင်ဂျင်စက်ရုံ ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၂

နေပြည်တော် ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ရှမ်းစုကျေးရွာအုပ်စု ဝက်လက်ကျေးရွာ၌ အင်ဂျင်မီးစက်ဖြင့် လျှပ်စစ်မီးပေးစက်ရုံဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၁ ရက် နံနက် ၉ နာရီက အဆိုပါ ကျေးရွာတွင် ကျင်းပရာ နေပြည်တော် ကောင်စီဝင် ဦးမြင့်ဆွေ၊ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးငွေဝင်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ငွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်နှင့် ရပ်ကွက်/ ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာ ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော် ကောင်စီဝင် ဦးမြင့်ဆွေက အမှာစကား ပြောကြားပြီး မီးစက်၌ အဆောက်အအုံ ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွေဝင်း၊ ရပ်မိရပ်ဖ ဦးဇော်အောင် တို့နှင့်အတူ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေး ခဲ့သည်။ အဆိုပါ ကျေးရွာရှိ အိမ်ခြေ ၉၇ အိမ်နှင့် လမ်းမီးတိုင် ၃၂ တိုင်ကို မီးလင်း ရေးအတွက် နေပြည်တော်ကောင်စီမှ (22 HP) အင်ဂျင်၊ (10 KVA) ဒိုင်နမို တစ်ခုတို့ကို မတည်ပံ့ပိုးပေးခဲ့ပြီး မီးသွယ်တန်းမှုအတွက် ပြည်သူလူထု ထည့်ဝင်ငွေကျပ် ၁၆ သိန်းကျော် အကုန် အကျခံ၍ လျှပ်စစ်မီး လုံလောက်စွာရရှိ သုံးစွဲနေပြီဖြစ်ကြောင်း သိရှိရသည်။ (မောင်သိန်း)

သတိထားသင့်သည့် ခြံ၊ မြေ၊ လယ်ယာမြေ စိတ်ပိုင်းရောင်းဝယ်နေမှုများ

ရန်ကုန် ဇန်နဝါရီ ၂၂

၂၀၁၁ ခုနှစ်သည် ပြောင်းလဲမှုများနှင့် ပြည့်နေသော နှစ်တစ်နှစ်ဟုဆိုလျှင် ငြင်းနိုင်မည်မဟုတ်ပါ။ နိုင်ငံရေးဖြစ်ပေါ် တိုးတက်မှုများကြောင့် စီးပွားရေးရင်းနှီး မြှုပ်နှံမှု အခွင့်အလမ်းများ ယခင်ကာလ ထက် ပိုမိုတိုးတက်လာတော့မည်ဖြစ် သည်။ အမေရိကန်၊ ဥရောပ၊ ဂျပန်၊ အာဆီယံနိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင် များကလည်း မြန်မာနိုင်ငံတွင် ရင်းနှီး မြှုပ်နှံရန် စိတ်ဝင်စားလျက်ရှိသည့် သတင်းများကို ကြားသိနေရသည်။

ထိုသို့သော အခြေအနေများကြောင့် အိမ်၊ခြံ၊ မြေ ဈေးများ မြင့်တက်လာခဲ့ သည်။ ဒဂုံမြို့သစ်မြို့နယ်များ၊ သန်လျင် မြို့နယ် သီလဝါစက်မှုဇုန်နှင့် ဒလမြို့နယ် စသည့် မြို့နယ်များ၏ မြေကွက်ဈေးနှုန်း သည် အံ့သြလောက်အောင် မြင့်တက် သွားခဲ့သည်။ ယင်းသို့ အိမ်၊ ခြံ၊ မြေ ဈေးနှုန်းများ မြင့်တက်လာမှုဂယက်သည် လှိုင်သာယာမြို့နယ်၊ ထန်းတပင်မြို့နယ် များသို့လည်း ရိုက်ခတ်လာခဲ့သည်။ စစ်မှန်သော သက်သေခံအထောက် အထားများဖြင့် ရောင်းကြ၊ ဝယ်ကြခြင်း သည် မျှတသောဈေးကွက်၊ သင့်လျော်သော စီးပွားရေးအခြေခံများကို အထောက်အကူ ပြုနေမည်ဖြစ်သည်။

သို့သော် လှိုင်သာယာမြို့နယ်နှင့် ထန်းတပင်မြို့နယ်အတွင်းရှိ လယ်ယာ မြေကွက်များအား လောလောဆယ် ရောင်းဝယ်နေမှုများမှာ ဥပဒေနှင့်ညီညွတ် မှု ရှိ၊ မရှိကို သက်ဆိုင်ရာဌာနများက သိရှိ မည်ဟု ထင်ပါသည်။ တူးချောင်းကျေးရွာ တွင် ပေ ၂၀ × ပေ ၆၀ ဥယျာဉ်ခြံမြေကွက် သည် သိန်း ၃၀၊ ရိုးကြီး၊ ရိုးလေး၊ ရွာလယ် လမ်းမ ပေ ၂၀ × ပေ ၆၀ အိမ်အဖြစ်ပါ သည့် မြေကွက်တစ်ကွက်လျှင် သိန်း ၇၀၊ လယ်မြေကို စိတ်ပိုင်း၍ ရောင်းသည့် အလယ်ရွာတွင် ပေ ၄၀ × ပေ ၆၀ တစ်ကွက် လျှင် ငွေကျပ် ရှစ်သိန်း၊ ရွာအတွင်း၌ ပေ ၂၀ × ပေ ၆၀ တစ်ကွက်လျှင် သိန်း ၄၀၊ စည်ပင်သာရွာတွင် ပေ ၃၀× ပေ ၁၀၀ လျှင် ငွေကျပ် ၁၅ သိန်း စသည်ဖြင့် ရောင်းဝယ်လျက်ရှိသည်ဟု သိရသည်။

အရောင်းအဝယ်ပြုလုပ်ရာတွင် မြေ ပိုင်ဆိုင်မှု အထောက်အထားမရှိဘဲ အခြေခံရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူး များ၊ ရာအိမ်မှူးများအား အသိသက်သေ ပြု၍ ရောင်းဝယ်ကြခြင်း ဖြစ်သည်။ ယခုအခြေအနေတွင် ရောင်းသူ၊ ဝယ်သူ ကျေနပ်လျက်ရှိနေကြသည်။

“တကယ်တော့ ဘာမှဖြစ်ရင် ဘာမှ မဖြစ်ဘူးပေါ့ဗျာ။ ဖြစ်လာခဲ့ရင် ဘာမဟုတ် တာလေးနဲ့ ပြဿနာဖြစ်နိုင်တယ်ဗျ။ နိုင်ငံတော်မှာ လယ်ယာမြေဥပဒေအသစ် ကို လွှတ်တော်မှာ ဆွေးနွေးနေတုန်းပါ။ လက်ရှိမှာ ၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေရှိတယ် ဗျ။ ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံ ပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ (၄)မှာ ဤဥပဒေနှင့် လည်းကောင်း၊ ဤအက် ဥပဒေအရ ပြဋ္ဌာန်းသည့်ဥပဒေများနှင့် လည်းကောင်း မညီညွတ်လျှင် လယ်ယာ မြေကို ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ အခြား နည်းဖြင့် လွှဲပြောင်းခြင်း (သို့မဟုတ်) ခွဲစိတ်ခြင်းမပြုလုပ်ရဟူ၍ ပြဋ္ဌာန်းထားတဲ့ အတွက် အခုလိုရောင်းဝယ်နေကြတာ ဟာ ဥပဒေအရ မသင့်တော်ဘူးလို့ ကျွန်တော်ကတော့ မြင်တယ်ဗျာ” ဟု ဥပဒေပညာရှင်တစ်ဦးက သုံးသပ်ပြောဆို သည်။

ယခုအခြေအနေမှာ ဖြစ်သင့်သည် ထက်ပို၍ ဈေးနှုန်းမြင့်တက်နေခြင်း၊ လယ်ယာမြေကို စိတ်ပိုင်းရောင်းချနေခြင်း ဖြစ်သည်။ စီမံကိန်းများရှိပါက ဝယ်ထား သည့် မြေကွက်အတွက် လျော်ကြေးမှာ ပါ၊ နစ်နာကြေးတောင်းရမှာပေါ့ဟု ပြောဆိုသူ ဝယ်လက်များက တစ်မျိုး၊ ကိုယ့်ဘက်က ဘာအထောက်အထားမှ ပေးရတာမှ မဟုတ်တာ။ နောင်ပေါ်လာ မယ့် လယ်ယာမြေဥပဒေအသစ်အရ ကိုယ့်လယ်မြေကိုယ်ပိုင်ခွင့်ရမှာ ပူစရာ မလိုဘူး။ လောလောဆယ်ငွေရဖို့က အရေးကြီးတယ်ဟု ပြောဆိုသည့် ရောင်း သူများက တစ်ဖုံ။

နိုင်ငံတော်အစိုးရသစ်၏ စီးပွားရေး၊ ငွေရေး၊ ကြေးရေး ကုန်သွယ်ရေး၊ ရင်းနှီး မြှုပ်နှံမှုဆိုင်ရာ မူဝါဒပြောင်းလဲမှုများ အကောင်အထည်ဖော် ဆောင်ရွက်မည့် သတင်းကို အသုံးပြုလျက် ထပ်ဆင့် ထင်ကြေးများ၊ ကောလာဟလများ ဆင့်ပွားဖန်တီးကာ ဝယ်ရောင်းစီးပွားရေး သမားတို့ ရည်ရွယ်ချက်ရှိရှိဖြင့် အိမ်၊ ခြံ၊ မြေဈေးကွက်အတွင်း ဝင်ရောက်လှုပ် ရှားနေသည့် အခြေအနေဖြစ် ကြုံနေရ သည်။ နိုင်ငံတော်အစိုးရသစ်၏ ပြုပြင် ပြောင်းလဲလုပ်ကိုင်ဆောင်ရွက်နေသည့် Image ကို မထိခိုက်စေရန်၊ မည်သူမျှ နစ်နာမှုမရှိစေရန်၊ မလိုလားအပ်သော ပြဿနာများဖြစ်ပေါ်စေရန် သက်ဆိုင် ရာဌာနများ၊ တာဝန်ရှိသူများက သတိဖြင့် စောင့်ကြည့်လေ့လာသင့်ပါ ကြောင်း. . . .။

မောင်ဇော်

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက တောင်ငူမြို့နယ်အတွင်း အလှူငွေများ ထောက်ပံ့ငွေပေးအပ်

နေပြည်တော် ဇန်နဝါရီ ၂၂

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ ပါဝင်သောအဖွဲ့သည် ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ် ရေးအဖွဲ့၊နာယက၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ နှင့် ပူးပေါင်း၍ ယမန်နေ့နံနက် ၁၀ နာရီ တွင် တောင်ငူမြို့နယ် ဆူးတပ်ကျေးရွာသို့ သွားရောက်၍ ရွေ့လျားကျန်းမာရေး လုပ်ငန်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အသင်းဥက္ကဋ္ဌ ဒေါက်တာ မွန်မွန်အောင်က အဖွင့်အမှာစကား ပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဝေဝေသာက ရွေ့လျားကျန်းမာရေး လုပ်ငန်းများ လာရောက်ဆောင်ရွက်ရ ခြင်းကို ရှင်းလင်းပြောကြားသည်။ ထို့ နောက် ဆူးတပ်ကျေးရွာတွင် အရေးပေါ် လူနာ ညွှန်းပို့မှုများဆောင်ရွက်နိုင်ရန် အတွက် ငွေကျပ် ၅၀၀၀၀၊ တောင်ငူမြို့ ပြည်သူ့ဆေးရုံကြီးတွင် အရေးပေါ် လူနာ ညွှန်းပို့မှုများဆောင်ရွက်နိုင်ရန် မြန်မာ နိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းက ငွေကျပ် နှစ်သိန်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း ဒုတိယဥက္ကဋ္ဌနှင့် မိသားစုက ငွေကျပ် နှစ်သိန်းနှင့် ပဲခူးတိုင်းဒေသကြီး ကြီးကြပ်ရေးအဖွဲ့၊ နာယကနှင့်မိသားစုက ငွေကျပ်နှစ်သိန်းတို့ကို ပေးအပ်လှူဒါန်း ကြရာ တာဝန်ရှိသူများကလက်ခံကြပြီး ကြီးကြပ်ရေးအဖွဲ့၊ နာယက ဒေါ်မြင့်မြင့်စိုးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ကိုယ်ဝန်ဆောင် စနစ်တကျစောင့်ရှောက်မှု ခံယူခြင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ တစ်ကိုယ်ရေ သန့်ရှင်းမှုနှင့် အသက်ရှူလမ်းကြောင်း ဆိုင်ရာအကြောင်းအရာများအား အသင်း ဆရာဝန်များက ကျန်းမာရေးပညာပေး ဟောပြောခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ အား အနှီးပိတ်များ၊ အိုင်အိုဒင်းဆားနှင့် သံဓာတ်အားဆေးများထောက်ပံ့ပေးခြင်း၊ သက်ကြီးရွယ်အိုများအား ခြုံထည်စောင် များ ထောက်ပံ့ခြင်း၊ သက်ကြီးရွယ်အိုများ နှင့် ဒေသခံများအား ဆေးကုသမှုပေးခြင်း များ ဆောင်ရွက်ကြသည်။

ဆက်လက်၍ အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တောင်ငူမြို့နယ် မိခင် နှင့်ကလေးအသင်းရုံး၌ အသင်းဝင်များ အား ရင်းရင်းနှီးနှီးတွေ့ဆုံကာ ရန်ပုံငွေ ကျပ် နှစ်သိန်းကို ထောက်ပံ့ပေးအပ်ပြီး မိခင်နှင့်ကလေး အသင်းပိုင် သားဖွား ခန်း၌ တစ်ခါသုံးသားဖွားခန်းသုံးပစ္စည်း များ ထောက်ပံ့ခြင်း၊ သားဖွားခန်းအား ရန်ပုံငွေကျပ် တစ်သိန်းထောက်ပံ့ပေးခြင်း များ ဆောင်ရွက်ခဲ့ကြောင်း သိရှိရ သည်။ **(အောက်ပုံ)** (သတင်းစဉ်)

မတ်ပဲစိုက်တောင်သူကြီးများ အထွက်နှုန်းကောင်းပြီး ဈေးကောင်းရရှိရန် မျှော်လင့်

သတင်းမှတ်စု - မင်းမင်းလတ် (မန်းတက္ကသိုလ်)

ယခင်နှစ်တွင် အဖျက်ပိုးများ ကျခဲ့ခြင်းကြောင့် အထွက်နှုန်းနည်းခဲ့သည့်အပြင် ဈေးကွက်ပါ မကောင်းခဲ့သဖြင့် မတ်ပဲစိုက်တောင်သူများအနေဖြင့် ယခုနှစ်တွင် အထွက် နှုန်းကောင်းရန် စနစ်တကျစိုက်ပျိုးလျက်ရှိပြီး ဈေးကောင်းရရှိရန်ပါ မျှော်လင့်လျက် ရှိကြောင်း နေပြည်တော် ဇေယျာသီရိမြို့နယ် ကျွန်းရောင်းအုပ်စု (ရေဆင်းကွင်း)ရှိ မတ်ပဲစိုက်တောင်သူတစ်ဦးက ရှင်းပြသည်။

ယခင်နှစ် မတ်ပဲစိုက်ရာသီတွင် စိုက်ပျိုးခဲ့သည့် မတ်ပဲများမှာ စိုက်ပျိုးသက် ၁၅ ရက်တွင် အပင်ပေါက်များ၏ အရွက်များတွင် အဖျက်ပိုးများကြောင့် ဆန်ခါပေါက်များ သဖွယ် ဖြစ်လာပြီး ၎င်းမှ စိုက်ပျိုးသက် ၃၅ ရက်ခန့်တွင် မတ်ပဲတစ်ပင်တွင် အဝါရောင် အရွက်များ လေးရွက်မှ ခြောက်ရွက်အထိရှိလာကာ စိုက်ပျိုးသက် ၄၅ ရက်တွင် အပွင့်များ ပွင့်လာခဲ့ပြီး အသီးများ သီးလာခဲ့သော်လည်း ရိတ်သိမ်းချိန်အထိ အဖျက်ပိုး များ ဖျက်ဆီးမှုကြောင့် အရွက်များဝါခြင်း၊ ပင်စည်တွင် အရိုးတံများပါ ဝါခြင်းများ ဖြစ်ပေါ်လာသောကြောင့် တစ်ပင်လုံးအနုတ်ပစ်၍ နွားစာအဖြစ် ကျွေးရကြောင်း နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ညောင်ပင်သာအုပ်စု အလယ်ရွာမှ မတ်ပဲစိုက်တောင်သူ ဦးပြုံးက ရှင်းပြသည်။

“အရင်နှစ်က အပင်တွေရော အရွက်တွေပါဝါပြီး အဖျက်ပိုးကျခဲ့လို့ အထွက်နှုန်း လည်း သိသိသာသာ နည်းသွားတယ်၊ ဈေးကလည်း မကောင်းတော့ စိုက်ရင်ကောင်းမ လား၊ မစိုက်ဘဲထားရင် ကောင်းမလား၊ ဘာလုပ်ရင်ကောင်းမလဲ စဉ်းစားနေတုန်း ပျဉ်းမနားမြို့က ကန်သာအေး စိုက်ပျိုးရေးသုံး ဆေးအရောင်းစင်တာက လွန်ခဲ့တဲ့ နှစ်လ လောက်မှာ ကျွန်တော်တို့ရွာကို ထိုင်းဆေးနဲ့ ပတ်သက်လို့ ဟောပြောပွဲလာလုပ်တယ်။ သူတို့ပြန့်ဝေထားတဲ့ ဖယားထဲမှာ ပါတဲ့အတိုင်းသာ ပြုလုပ်မယ်ဆိုရင် အပင်တွေ ပိုးမကျရန်နှင့် အထွက်နှုန်းကောင်းမှာဖြစ်ကြောင်း ရှင်းပြတော့ သူတို့ရဲ့ဖယားထဲမှာ ပါတဲ့ ဒေတာ CF 001၊ စင်ဒါဇင်ဆေးတွေကိုသုံးပြီးလုပ်ခဲ့တာ အပင်ပေါက်ကနေ ဒီနေ့ ၅၀ ရက်သားအထိ ပိုးမကျဘဲ အသီးတွေတောင်သီးနေပြီ၊ ဒီအတိုင်းဆိုရင် တစ်ဧကကို ၂၅ တင်းနှုန်း ခန့်မှန်းလို့ရတယ်”ဟု (ရေဆင်းစိုက်ကွင်း)တွင် စိုက်ပျိုးလျက်ရှိ သည့် မတ်ပဲစိုက်တောင်သူ ဦးအောင်လှိုင်ဝင်းက ရှင်းပြသည်။

နှစ်စဉ် တန်ဆောင်မုန်းလတွင် စိုက်ပျိုးပြီး တပေါင်းလတွင် ရိတ်သိမ်းရသော မတ်ပဲမှာ မျိုးပဲအပါအဝင် ထယ်ထိုးခ၊ ဆေးဖျန်းစရိတ်၊ ခူးဆွတ်ရိတ်သိမ်းခ အပါအဝင် တစ်ဧကလျှင် ကျပ်နှစ်သိန်းကျော်ကုန်ကျပြီး ယခင်နှစ်တွင် မတ်ပဲတစ်တင်း ကျပ် နှစ်သောင်းနှစ်ထောင် ဈေးနှုန်းသာရှိခဲ့သဖြင့် မတ်ပဲစိုက်တောင်သူတို့ အရှုံးနှင့် ရင်ဆိုင် ရသောနှစ်ဖြစ်ကြောင်း နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ ဒေသခံ မတ်ပဲ စိုက်တောင်သူကြီးများက ရှင်းပြသည်။ မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်များတွင် နေထိုင်လျက်ရှိရာအများစုသည် လယ်ယာလုပ်ငန်းများကို ဘိုးဘွား အစဉ်အဆက်မှ ယနေ့တိုင် ပခုံးလွှဲလုပ်ကိုင်လျက်ရှိ၍ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နည်းပညာများ၊ ခေတ်မီစက်ကိရိယာများ၊ အထွက်ကောင်းမျိုးများနှင့် အပင်၊ အပွင့်၊ အသီးများအတွက် ခေတ်မီပိုးသတ်ဆေးများ၊ အားတိုးဆေးများကိုလည်း ဈေးနှုန်း သက်သာပြီး ထိရောက်သောဆေးများကို ပြောင်းလဲသုံးစွဲလျက်ရှိရာ မတ်ပဲစိုက် တောင်သူများအနေဖြင့် အရည်အသွေးကောင်းမွန်သော ပဲများပိုမိုထွက်ရှိအောင် စိုက်ပျိုးနိုင်ခဲ့သဖြင့် မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းသည် ပြည်ပသို့ ပဲမျိုးစုံ နှစ်စဉ်တင်ပို့ရာတွင် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၌ ပဲတန်ချိန် ၉၅၇၀၀၀ တန် တင်ပို့နိုင်ခဲ့သဖြင့် အမေရိကန်ဒေါ်လာ ၉၃၈ သန်းရရှိခဲ့ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာ နှစ်အတွက် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလအထိ တန်ချိန် ၉၆၀၉၃၀ တင်ပို့ခဲ့ရာ အမေရိကန် ဒေါ်လာ ၇၉၄ သန်းကျော်ရရှိကာ ယခင်နှစ် ကမ္ဘာ့ဈေးကွက်သို့ ပဲတင်ပို့ရောင်းချမှုမှာ ကနေဒါနှင့် ဩစတြေးလျပြီးလျှင် မြန်မာနိုင်ငံက တတိယဖြစ်ခဲ့သော်လည်း ၂၀၁၀- ၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံမှ ပဲတန်ချိန် ၈ ဒသမ ၃ သန်း တင်ပို့ခဲ့ရာ မြန်မာနိုင်ငံ က ဩစတြေးလျကိုကျော်၍ ဒုတိယအများဆုံးတင်ပို့နိုင်ခဲ့သော နိုင်ငံဖြစ်ခဲ့ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

အင်းစိန်မြို့နယ် အမှတ်(၄) အခြေခံပညာမူလတန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၂

အင်းစိန်မြို့နယ် အမှတ်(၄)အခြေခံပညာမူလတန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၆ ရက်က အဆိုပါကျောင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ မိဘဆရာအသင်းဥက္ကဋ္ဌ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သိမ်းဝင်းနှင့် အသင်းနာယက ဦးဘိုကြည် (ဒေါက်တာဝိုင်းသံမဏိ-တောင်တွင်းကြီး)တို့က အဖွင့်အမှာစကားပြောကြားကြပြီး ကျောင်း လုပ်ငန်းထူးချွန်သော ဆရာ၊ ဆရာမများ၊ ပညာရည်ချွန်ဆုရရှိသောကျောင်းသား၊ ကျောင်းသူများနှင့် အလှူရှင်များကို မိဘဆရာ အသင်းနာယက၊ ဥက္ကဋ္ဌ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် ဧည့်သည်တော်များက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြ ကြောင်း သိရသည်။ (ကြေးမုံ)

ကျောက်မဲမြို့နယ်တွင် ဝါးလက်မှုပညာသင်တန်းဖွင့်

ကျောက်မဲ ဇန်နဝါရီ ၂၂

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအစဉ်အရ ကျေးလက်ဒေသအသေးစားကုန်ထုတ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ၏ ကြီးကြပ်မှုဖြင့် ဝါးဖြင့်ပြုလုပ်သော လက်မှုပညာသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၁၉ ရက်က တောင်ချောင်ကျေးရွာ၌ကျင်းပရာ **(ဓာတ်ပုံ)** တောင်ချောင်၊ မြောက်ချောင်ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေး ဆပ်ကော်မတီဝင်များနှင့် သင်တန်းသား ၃၀ တက်ရောက်ပြီး သင်တန်း ကာလမှာ ၁၀ ရက်ကြာမြင့်ခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ပါကစ္စတန်က နေတိုးထောက်ပံ့ရေးလမ်းကြောင်း ဆက်ပိတ်ထားဦးမည်ဟုဆို

အစ္စလာမ္မာဘတ် ဇန်နဝါရီ ၂၂

အာဖဂန်နစ္စတန်ရှိ နေတိုးတပ်ဖွဲ့များအတွက် ထောက်ပံ့ရေးလမ်းကြောင်းကို ပါလီမန်က ဆုံးဖြတ်ချက်တစ်စုံတစ်ရာ မချမီအထိ ဆက်လက်ပိတ်ဆို့ထားရန် ပါကစ္စတန်သမ္မတ အဇစ် အလီဇာဒါရီနှင့် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး အက်ရှ်ဖစ်ပါဗက်ဇ်ကာယာနီတို့ သဘောတူကြကြောင်း ပြည်တွင်းသတင်းဌာနများက ဇန်နဝါရီ ၂၁ ရက်တွင် ဖော်ပြသည်။

ပါကစ္စတန်ပြည်တွင်းသတင်းစာ "ဒီနေရှင်း"တွင် ရေးသားထားသည့် သတင်းအရ သမ္မတနှင့်စစ်ဘက်အကြီးအကဲတို့သည် သမ္မတ၏အိမ်တော်၌ ဇန်နဝါရီ ၂၀ ရက် ညနေတွင် တွေ့ဆုံ၍ အမေရိကန်၊ နေတိုးတပ်ဖွဲ့များနှင့်စပ်လျဉ်းသော နိုင်ငံလုံခြုံရေးကို ဆွေးနွေးခဲ့ကြသည်။

ယမန်နှစ်နိုဝင်ဘာလအတွင်း၌ ပါကစ္စတန်နယ်စပ် ကင်းစခန်းကို နေတိုးက လေကြောင်းမှတိုက်ခိုက်သဖြင့် ပါကစ္စတန်တပ်ဖွဲ့ဝင် ၂၄ ဦး သေဆုံးပြီးနောက် အာဖဂန်နစ္စတန်ရှိ နေတိုးတပ်ဖွဲ့များ ထောက်ပံ့ရေးလမ်းကြောင်းကို ပါကစ္စတန် အာဏာပိုင်များက ပိတ်ထားခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံအတွင်းသို့ နေတိုးတပ်ဖွဲ့များ၏ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့ရာတွင် ပါကစ္စတန်နိုင်ငံအတွင်း ၇၀ ရာခိုင်နှုန်းနီးပါး ဖြတ်သန်းကြောင်း သတင်းများ၌ ဖော်ပြသည်။

နေတိုးထောက်ပံ့ရေးပစ္စည်းများသည် ပထမဆုံး ပါကစ္စတန်နိုင်ငံတောင်ပိုင်း မြို့တော်ကရာချိဆိပ်ကမ်းသို့ ရောက်ရှိ၍ ယင်းမှတစ်ဆင့် ပါကစ္စတန်နယ်စပ် စစ်ဆေးရေးစခန်းများကို ကျော်ဖြတ်ကာ အာဖဂန်နစ္စတန်နိုင်ငံအတွင်းသို့ ဝင်ရောက်သည်။ **အင်တာနက်။**

အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်း။

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်သမ္မတ သောင်းကျန်းသူအုပ်စုနှင့် ဆွေးနွေးခဲ့သည်ဟု ကြေညာ

ကဘူး ဇန်နဝါရီ ၂၂

အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းက ၎င်းအနေဖြင့် ပုဂ္ဂိုလ်ရေးအရ ဟဇ်အိုင်အစ္စလာမီ သောင်းကျန်းသူအုပ်စုနှင့် မကြာသေးမီ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးခဲ့ကြောင်း စနေနေ့တွင် ထုတ်ဖော်ကြေညာခဲ့သည်။

ပထမဆုံးအကြိမ်အဖြစ် တာလီဘန်အုပ်စုနှင့် တရားဝင်ဆွေးနွေးမည့်အစီအစဉ်နှင့် တိုးတက်မှုကိုဆွေးနွေးရန် အမေရိကန်အထူးကိုယ်စားလှယ် မက်စ်ဂရော့မန်နှင့် တွေ့ဆုံခြင်းမပြုမီ နာရီပိုင်းအလိုတွင် ယင်းသို့ ကာဇိုင်းက ကြေညာခြင်းဖြစ်သည်။

အာဖဂန်စစ်ပွဲ ပြီးဆုံးစေရေးအတွက် တွေ့ဆုံဆွေးနွေးခြင်းများသည် မူလာမိုဟာမက်အိုမာ ခေါင်းဆောင်သော ပါကစ္စတန်အခြေစိုက် တာလီဘန်ခေါင်းဆောင်ပိုင်းနှင့် ဆွေးနွေးသည့် အနေအထားထက် ပိုမိုရှုပ်ထွေးမည်ဟု ကာဇိုင်း၏ကြေညာချက်က သတိပေးခြင်းဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံအတွင်း၌ရှိသည့် အဓိက သောင်းကျန်းသူအုပ်စုနှစ်စုသည် ၎င်းတို့၏ ကိုယ်ပိုင်ခေါင်းဆောင်နှင့် ကိုယ်ပိုင်အစီအစဉ်များရှိကြသည်ဟု ဆိုသည်။

ဟဇ်အိုင်အစ္စလာမီအုပ်စုသည် အာဖဂန်နစ္စတန် အရှေ့မြောက်ပိုင်းရှိ နယ်မြေများကိုထိန်းချုပ်ထားပြီး အမေရိကန်တပ်ဖွဲ့များကို တိုက်ခိုက်လျက်ရှိသည်။ ယင်းအဖွဲ့၏ခေါင်းဆောင်သည် အရှိန်အဝါကြီးမားသော စစ်ဘုရင် ဂူလ်ဆက်ဒင်ဟက်မတ်ယာကဖြစ်၍ ၎င်းသည် တစ်ချိန်က အမေရိကန်မဟာမိတ်ဖြစ်ခဲ့ပြီး ယခုအခါ အကြမ်းဖက်သမားဟု စာရင်းသွင်းခြင်းခံရသည်။

အရေးပါသော နောက်တစ်ဖွဲ့မှာ ကြောက်မက်ဖွယ်ကောင်းသော ဟက်ကာနီအုပ်စုဖြစ်သည်။ ယင်းအဖွဲ့သည် တာလီဘန်အဖွဲ့နှင့် လည်းကောင်း၊ အယ်လ်ခိုင်ဒါအဖွဲ့နှင့် လည်းကောင်း ဆက်သွယ်မှုရှိ၍ တိုက်ခိုက်ရေးသမား ၁၀၀၀၀ ခန့်ရှိသည်ဟု ဆိုသည်။ **အင်တာနက်။**

ဆီးရီးယားသို့ ဗုံးကျည်ကုန်ကြမ်းများပို့မည့်ကားများ တူရကီဖမ်းဆီးထား

အန်ကာရာ ဇန်နဝါရီ ၂၂

ဆီးရီးယားနိုင်ငံနှင့် နယ်နိမိတ်ချင်းဆက်စပ်နေသည့် တူရကီနိုင်ငံ ကီလစ်ပြည်နယ်တွင် အီရန်နိုင်ငံမှ ထရပ်ကားလေးစီးကို ရပ်တန့်ရှာဖွေရာ ပဲ့ထိန်းဗုံးကျည်ပြုလုပ်ရာတွင် အသုံးပြုသောကုန်ကြမ်းပစ္စည်းများကို တွေ့ရှိခဲ့ကြောင်း တူရကီသတင်းစာ တာရဖ်က ဖော်ပြသည်။

ဆီးရီးယားနိုင်ငံ၏ မြောက်ပိုင်း၌ ကပ်လျက်ရှိသော ကီလစ်ပြည်နယ် နယ်စပ်ဖြတ်ကျော်စခန်း၌ အီရန် ထရပ်ကား များကို တူရကီအာဏာပိုင်များက လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ် ခန့်တွင် ကြားဖြတ်စစ်ဆေးခဲ့ခြင်းဖြစ်သည်။

တူရကီနိုင်ငံက ဆီးရီးယားနိုင်ငံသို့ လက်နက်များတင်ပို့ခြင်း ပိတ်ပင်တားဆီးလျက်ရှိသည်။ အကောက်ခွန်ဌာနမှ တာဝန်ရှိသူများက အဆိုပါ ကားလေးစီးပေါ်တွင်ပါရှိသည့် ပစ္စည်းများကို လူသိရှင်ကြား ထုတ်ပြန်ကြေညာခြင်းမပြုသော်လည်း တာရဖ်သတင်းစာက အန္တရာယ်ရှိသည့်ပစ္စည်းများ သယ်ဆောင်လာခြင်းဖြစ်ကြောင်း အတည်ပြုချက်ရရှိပြီး ဖော်ပြခဲ့ခြင်းဖြစ်သည်။

သတင်းစာ၏ဖော်ပြချက်အရ ထရပ်ကားတစ်စီးသည် ခြောက်မီတာရှည်သောထုလုံးပုံလှောင်ကန်လေးခုနှင့် အပူဒဏ်ခံပစ္စည်းများတင်ဆောင်ထားပြီး အခြားသုံးစီးမှာ ဆိုဒီယမ်ဆာလဖိတ် ၆၆ တန် တင်ဆောင်ထားသည်။ ယင်းကားလေးစီးသည် ဆီးရီးယားနိုင်ငံသို့ မောင်းနှင်နေခြင်းဖြစ်၍ ယင်းပစ္စည်းအားလုံးသည် ဓာတုဗုံးကျည်ပြုလုပ်ရာတွင် အသုံးပြုဖွယ်ရာရှိသည်ဟု ဆိုသည်။

တူရကီသိပ္ပံပညာရှင်များအဖွဲ့တစ်ဖွဲ့က ယင်းပစ္စည်းများကို လေ့လာစစ်ဆေးကြမည်ဖြစ်သည်။ နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ)ကလည်း ထရပ်ကားများပေါ်၌ပါလာသောပစ္စည်းများနှင့်ပတ်သက်၍ အသိပေးအကြောင်းကြားပါရန် တူရကီအာဏာပိုင်များအား မေတ္တာရပ်ခံထားသည်ဟု တာရဖ်သတင်းစာက ရေးသားသည်။ **အင်တာနက်။**

ကျုံးကိုဖြတ်၍ ဂျပန်ဘုရင့်နန်းတော်ဝင်းအတွင်း ဝင်ရောက်သူ ဖမ်းဆီးခံရ

တိုကျို ဇန်နဝါရီ ၂၂

ဂျပန်နိုင်ငံ တိုကျိုမြို့တော်ရှိ ဘုရင့်နန်းတော်ဝင်းအတွင်း တွေ့ရှိခဲ့ရသည့် ရေကူးဝတ်စုံသာဝတ်ဆင်ထားသော ဂျပန်နိုင်ငံသားတစ်ဦးကို တနင်္ဂနွေနေ့ နံနက်ပိုင်းတွင် ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ရကြောင်း သတင်းများ၌ဖော်ပြသည်။

ဂျပန်ဧကရာဇ်မင်းမြတ်ကို အခစားဝင်တွေ့ဆုံလိုသည့်အတွက် ကျုံးကိုကူးခတ်ဖြတ်သန်းလာခဲ့ခြင်းဖြစ်ကြောင်း အသက်(၃၀)အရွယ်ရှိ အဆိုပါ ဂျပန်နိုင်ငံသားက ရဲတပ်ဖွဲ့သို့ ထုတ်ဖော်ပြောကြားခဲ့သည်။

ယင်းဂျပန်နိုင်ငံသားသည် ကျုံးကိုကူးခတ်၍ ဘုရင့်နန်းတော်ဝင်းအတွင်းဝင်ရောက်ရာတွင် နိုင်ငံရေးရည်ရွယ်ချက်ပါရှိပုံမရကြောင်း နန်းတော်အစောင့်တပ်ဖွဲ့တာဝန်ကျအရာရှိတစ်ဦးက ပြောကြားခဲ့သည်။

ဂျပန်ဘုရင့်နန်းတော်ဝင်းအတွင်း ဝင်ရောက်ခဲ့သူ၏ အဝတ်အစားများကို ကျုံးပတ်လည် လူသွားလမ်းနံဘေး၌ တွေ့ရှိခဲ့ရကြောင်း သိရသည်။ ရာဇဝတ်မှုကျူးလွန်စဉ်အတွင်း ၎င်းအနေဖြင့် စိတ်ပိုင်းဆိုင်ရာချို့ယွင်းမှု ရှိ၊ မရှိအား ရဲတပ်ဖွဲ့က စစ်ဆေးသွားမည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။ **အင်တာနက်။**

အင်ဒိုနီးရှားတွင် သင်္ဘောမှောက် သုံးဦး သေဆုံး၍ ခြောက်ဦး ပျောက်ဆုံး

ဂျကာတာ ဇန်နဝါရီ ၂၂

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း မာလုကုဒေသ ကမ်းလွန်ရေပြင်တွင် မော်တော်ဘုတ်တစ်စင်း နစ်မြုပ်သွားကြောင်း ကယ်ဆယ်ရေးအဖွဲ့က လူသုံးဦး၏ရုပ်အလောင်းများကို ဆယ်ယူရရှိ၍ လူခြောက်ဦး ပျောက်ဆုံးလျက်ရှိကြောင်း ကယ်ဆယ်ရေးအဖွဲ့ဝင်တစ်ဦးက ဇန်နဝါရီ ၂၂ ရက်တွင် ပြောကြားသည်။

အဆိုပါ ရေယာဉ်မှာ ခရီးသည်တင်သင်္ဘောဖြစ်ပြီး ဇန်နဝါရီ ၂၁ ရက် နေ့လယ်က မှောက်သွားခြင်းဖြစ်ကြောင်း မာလုကုဒေသမှ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးအဖွဲ့ခေါင်းဆောင်က ပြောကြားသည်။

ယင်းသင်္ဘောပေါ်မှ အသက်ရှင်ကျန်ရစ်သူ ၁၁ ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း၊ ပျောက်ဆုံးနေသူများအား ဆက်လက်ရှာဖွေလျက်ရှိကြောင်း ၎င်းက ဆင်ဟွာသို့ ဆက်လက်ပြောကြားသည်။

သင်္ဘောမှောက်ရသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။ သို့ရာတွင် ထိုအချိန်၌ လေပြင်းတိုက်ခတ်နှုန်းမြင့်သဖြင့် သင်္ဘောမှောက်ရခြင်းဖြစ်သည်ဟု ဒေသအာဏာပိုင်များက အခိုင်အမာဆိုသည်။ **ဆင်ဟွာ။**

စပိန်အရှေ့ပိုင်း မီးလျှံနွားရိုင်းပွဲတော်အတွင်း နွားဝှေ့ခံရ မှုကြောင့် တစ်ဦးသေဆုံး

မဒရစ် ဇန်နဝါရီ ၂၂

စပိန်နိုင်ငံအရှေ့ပိုင်း ရိုးရာပွဲတော်တစ်ခုအတွင်း ဦးချိုဖျားမီးတောက်လောင်နေသော နွားရိုင်းတစ်ကောင်၏ ဝှေ့ခတ်မှုကြောင့် ပွဲတော်လာသူအမျိုးသားတစ်ဦး ဇန်နဝါရီ ၂၁ ရက်က သေဆုံးခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ပွဲတော်၏ ရိုးရာအစဉ်အလာအရ ရင်ပြင်များနှင့် လမ်းကြိုလမ်းကြားများအနှံ့ မွှေနှောက်သောင်းကျန်းနိုင်ရန် နွားရိုင်းများကို မလွှတ်ပေးမီ ၎င်းတို့၏ ဦးချိုများ၌ မီးရှို့ထားသော ပျားဖယောင်းလုံးကြီးများအား ချည်နှောင်တပ်ဆင်ပေးလေ့ရှိသည်။

နွားရိုင်းအဝှေ့ခံခဲ့ရသူ အသက် (၄၅)နှစ်အရွယ် အမျိုးသား၏အသက်ကို ကယ်တင်နိုင်ခဲ့ခြင်းမရှိကြောင်း ပွဲတော်ကျင်းပရာ နေဗာဂျက်စ်အမည်ရှိ မြို့နယ်၏ မြို့တော်ဝန်က ပြောကြားခဲ့သည်။

ထုတ်ဖော်ခဲ့ခြင်းမရှိ

သေဆုံးသူအမျိုးသားသည် တစ်နယ်တစ်ကျေးမှ လာရောက်သူဖြစ်ကြောင်း နာဗာဂျက်စ်မြို့ အာဏာပိုင်များက ပြောကြားခဲ့သော်လည်း ၎င်း၏အမည်နာမကို ထုတ်ဖော်ခဲ့ခြင်းမရှိပေ။

စပိန်နိုင်ငံအရှေ့မြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသတို့မှ မြို့အများအပြားသည် toros embolados ခေါ် မီးလျှံနွားရိုင်းလွှတ်ပွဲဖြင့် ပျော်ပွဲရွှင်ပွဲကျင်းပလေ့ရှိသည်။

ယင်းပွဲတော်၌ နွားရိုင်းများကို ဦးချို သို့မဟုတ် ဦးချိုအနီး မီးရှူးမီးပန်းများ တပ်ဆင်၍သော်လည်းကောင်း၊ မီးလျှံထွန်းညှိ၍လည်းကောင်း မြို့တွင်းသို့ လွှတ်ပေးလေ့ရှိသည်။ **အင်တာနက်။**

မက္ကဆီကိုကမ်းလွန်၌ ငလျင်လှုပ် အပျက်အစီးမရှိ

မက္ကစီကိုစီးတီး ဇန်နဝါရီ ၂၂

မက္ကဆီကိုနိုင်ငံတောင်ပိုင်း ချီယာပတ်(စ်)ပြည်နယ် ကမ်းလွန်ဒေသ၌ စနေနေ့က ပြင်းအား ၆ ဒသမ ၂ မဂ္ဂနီကျူရှိသော ငလျင်လှုပ်ခတ်သွားရာ ဒဏ်ရာရရှိမှု၊ ပျက်စီးမှုသတင်းများ ချက်ချင်းမရရှိသေးကြောင်း အေပီသတင်းဌာနက တနင်္ဂနွေနေ့တွင် ဖော်ပြသည်။

ချီယာပတ်(စ်)ပြည်နယ် မြို့တော်တက်စ်လာဂူတီယာရက်ဇ်တွင် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၄၇ မိနစ်၌ ငလျင်လှုပ်ခဲ့ရာ မြို့သူမြို့သားများသည် ကြောက်လန့်သဖြင့် လမ်းမများပေါ်သို့ ထွက်ပြေးကြသည်။

လှိုင်းလုံးများကဲ့သို့သော ငလျင်သည် မက္ကဆီကိုမြို့များဖြစ်သည့် ကိုမီတန်နှင့် တာပါချူလာအထိ လှုပ်သွားကြောင်း ချီယာပတ်(စ်)မြို့ပြကာကွယ်ရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ဂျို့စ်မာန္နူရဲလ်အာရဂွန်က ပြောကြားသည်။

ငလျင်၏ဗဟိုချက်သည် မာပတ်စ်တီပက်(စ်)၏ အနောက်တောင်ဘက် ၃၅ မိုင်ခန့်အကွာ ပစိဖိတ်သမုဒ္ဒရာအတွင်း ပင်လယ်ကြမ်းပြင်အောက် ၄၁ မိုင်အနက်၌ဖြစ်ကြောင်း အမေရိကန် ဘူမိဗေဒလေ့လာရေးဌာနက ပြောကြားသည်။

ကြောက်လန့်၍ လူများ ထွက်ပြေးကြကြောင်း၊ ကြီးမားစွာ မလှုပ်သည်မှာ ကံကောင်းကြောင်း စားသောက်ဆိုင်ပိုင်ရှင်က ပြောသည်။ **အင်တာနက်။**

အာဖဂန်နစ္စတန်တောင်ပိုင်းတွင် ဗုံးပေါက်ကွဲ၊ လေးဦးသေဆုံး

အစ္စလာမ္မာဘတ် ဇန်နဝါရီ ၂၂

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဟဲလ်မန့်ပြည်နယ်တွင် တာလီဘန်စစ်သွေးကြွများ၏ လက်လုပ်ဗုံးဖြင့် တိုက်ခိုက်ခံရခြင်းကြောင့် အရပ်သားလေးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိကြောင်း ဇန်နဝါရီ ၂၂ ရက် သတင်းတွင် ဖော်ပြသည်။

အဆိုပါဖြစ်ရပ်သည် ဇန်နဝါရီ ၂၁ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲခန့်က လက်ရှ်ကာရီဒေသ ဟဲလ်မန့်ပြည်နယ်မြို့တော်လက်ရှ်ကာဂါ့ရှ်တွင် ဖြစ်ပွားခြင်းဖြစ်ကြောင်း၊ အရပ်သားကားတစ်စီးပေါ်တွင် ဝှက်၍ယူဆောင်လာသော ဖောက်ခွဲရေးပစ္စည်းများကို ဖောက်ခွဲလိုက်ခြင်းဖြစ်ကြောင်း သတင်း၌ပါရှိသည်။

ယင်းဖောက်ခွဲမှုသည် မည်သည့်အုပ်စု၏ လက်ချက်ဖြစ်သည်ကို အခိုင်အမာ ပြောကြားနိုင်ခြင်းမရှိချေ။

လမ်းဘေးထောင်ဗုံးများနှင့် လက်လုပ်ဗုံးသည် တာလီဘန်စစ်သွေးကြွများက အာဖဂန်တပ်ဖွဲ့ဝင်များ၊ နိုင်ငံခြားတပ်ဖွဲ့ဝင်များနှင့် အရပ်သားများအားသေစေရန် အသုံးပြုသော လက်နက်များဖြစ်သည်။

၂၀၁၁ ခုနှစ် ပထမခြောက်လအတွင်းက အာဖဂန်နစ္စတန်နိုင်ငံတွင် လက်လုပ်ဗုံးကြောင့် အရပ်သား ၁၅၀၀ ခန့် သေဆုံးခဲ့ရကြောင်း ကုလသမဂ္ဂ၏ စာရင်းဇယားတွင် ဖော်ပြထားသည်။ **အင်တာနက်။**

ဗုံးဒဏ်ကြောင့် ပျက်စီးသွားသည့် ဘတ်စ်ကားငယ်တစ်စီးကို အာဖဂန်ရဲအရာရှိတစ်ဦး စစ်ဆေးနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အနာဂတ်စကော့တလန်နိုင်ငံ၏ လက်နက်ကိုင်တပ်မတော်သစ်ဖွဲ့စည်းရန် ဗြိတိန်စစ်ဘက်တွင် စစ်မှုထမ်းနေသော စကော့တပ်ရင်းတပ်ဖွဲ့များလိုအပ်

လန်ဒန် ဇန်နဝါရီ ၂၂

စကော့တလန်သည် ဗြိတိန်နိုင်ငံနှင့် သီးခြားကင်းလွတ်သည့်နိုင်ငံအဖြစ် ရပ်တည်တော့မည်ဆိုပါက စကော့ကာကွယ်ရေးတပ်မတော်အတွက် ဗြိတိန်စစ်ဘက်၏ နာမည်ကျော်တပ်ရင်းအချို့ကို ဖွဲ့ထုတ်လွှဲပြောင်းပေးရဖွယ်ရှိကြောင်း ဇန်နဝါရီ ၂၀ရက် သတင်းများတွင်ဖော်ပြသည်။

ဗြိတိသျှတပ်မတော်အတွင်း ရာစုပေါင်းများစွာ စစ်မှုထမ်းခဲ့ကြသည့် သမိုင်းဝင် စကော့လက်နက်ကိုင်တပ်ရင်းတပ်ဖွဲ့များသည် လွတ်လပ်သော စကော့တလန်နိုင်ငံ တပ်မတော်သစ်၏ အစိတ်အပိုင်းများသာဖြစ်သင့်ကြောင်း စကော့တလန် ထိပ်တန်းအာဏာပိုင်တစ်ဦးက ပြောကြားခဲ့သည်။

စကော့တလန်သည် ဗြိတိန်ဘုရင့်နိုင်ငံမှ ခွဲထွက်၍ လွတ်လပ်သောနိုင်ငံတော်တစ်နိုင်ငံအဖြစ် ရပ်တည်ရေးအတွက် လူထုဆန္ဒခံယူပွဲ ကျင်းပရန် ပြင်ဆင်လျက်ရှိသည်။

ဗြိတိသျှတပ်မတော်တွင် စစ်မှုတာဝန်ထမ်းဆောင်နေသော စကော့တပ်ဖွဲ့များမှာ စကော့အစောင့်တပ်ဖွဲ့ ပုံမှန်တပ်ခွဲငါးခုပါဝင်ဖွဲ့စည်းထားသည့် စကော့တလန်တော်ဝင်တပ်ရင်းနှင့် တော်ဝင်စကော့ဒရက်ဂွန်း အစောင့်တပ်ဖွဲ့တို့ ဖြစ်ကြသည်။

ဗြိတိန်နိုင်ငံမှခွဲထွက်၍ လွတ်လပ်သောနိုင်ငံအဖြစ် ရပ်တည်ရေးအတွက် စကော့တလန်၌ ၂၀၁၄ ခုနှစ် ဆောင်းဦးရာသီတွင် လူထုဆန္ဒခံယူပွဲကျင်းပရန် အဆိုပြုထားပြီးဖြစ်ရာ ယင်းကာလမတိုင်မီမှာပင် အနာဂတ် စကော့တလန်နိုင်ငံ၏ ကာကွယ်ရေးဆိုင်ရာစီမံချက်များ ပေါ်ထွက်လာခြင်းဖြစ်သည်။

လွတ်လပ်သောနိုင်ငံအဖြစ် ရပ်တည်မည်ဆိုပါက စကော့တလန်တွင် အခြေပြုထားသော ဗြိတိန်ရေတပ်၏ ထရိုင်းဒင့်ချူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများ ရွှေ့ပြောင်းစရိတ်ကို စကော့တလန်ကလည်း ထည့်ဝင်ကျခံရမည်ဖြစ်ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီး ဖီးလစ်ဟမ်းမွန်က သတိပေးခဲ့သည်။ ***အင်တာနက်။***

ဗြိတိန်တပ်မတော်၌ စစ်မှုတာဝန်ထမ်းဆောင်နေကြသော စကော့တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

ဝင်းဆီးညီလာခံ နှစ် (၇၀) ပြည့်အခမ်းအနား ဂျာမနီသမ္မတတက်ရောက်

ဘာလင် ဇန်နဝါရီ ၂၂

ဥရောပဂျူးများကို လူမျိုးသုဉ်းသတ်ဖြတ်ရန်အတွက် စီမံချက်များ ရေးဆွဲခဲ့သည့် ဝင်းဆီးညီလာခံ နှစ်(၇၀)ပြည့်အထိမ်းအမှတ် အခမ်းအနားသို့ ဂျာမနီသမ္မတ ခရစ်ရှန်ဝုဖ်တက်ရောက်ခဲ့ကြောင်း ဇန်နဝါရီ ၂၁ ရက်သတင်းများတွင် ဖော်ပြသည်။

ဒုတိယကမ္ဘာစစ်အတွင်း ဂျူးလူမျိုး သန်းပေါင်းများစွာ လူမျိုးဖြုတ်သတ်ဖြတ်ခံရမှုအတွက် ဂျာမနီနိုင်ငံ၌ တာဝန်ရှိသည်ကို မမေ့ပျောက်သင့်သည့်သဘောအဖြစ် ဝင်းဆီးညီလာခံ နှစ်(၇၀)ပြည့် အထိမ်းအမှတ်အား ကျင်းပခဲ့ခြင်းဖြစ်သည်။

ဝင်းဆီးညီလာခံကို ၁၉၄၂ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် ကျင်းပခဲ့ပြီး ယင်းညီလာခံ၌ နာဇီပါတီထိပ်တန်းခေါင်းဆောင်များနှင့် ဗျူရိုကရက်များက ဥရောပဂျူးများအား လူမျိုးဖြုတ်သုတ်သင်ရေးစီမံချက်များ ရေးဆွဲခဲ့ကြသည်။

ဝင်းဆီးညီလာခံ ကျင်းပခဲ့သည်မှာ အချိန်ကြာမြင့်လှပြီဖြစ်ရာ ယင်းကာလအတွင်း ဂျူးလူမျိုးများအား လူမျိုးဖြုတ်သုတ်သင်ရေးအယူအဆသည် ဂျာမနီနိုင်ငံ၏ တရားဝင်မူဝါဒအဖြစ် မည်သို့ဖြစ်တည်ခဲ့သည်ကို ခြေခြေမြစ်မြစ် နားလည်နိုင်ရန် ခက်ခဲလာကြောင်း ဂျာမနီသမ္မတ ခရစ်ရှန်ဝုဖ်က ပြောကြားခဲ့သည်။

လူ့သမိုင်း၌ မယုံကြည်နိုင်လောက်သော်လည်း အမှန်တကယ် ဖြစ်ပွားခဲ့သည့် ဂျူးလူမျိုးများ လူမျိုးဖြုတ်သတ်ဖြတ်ခံခဲ့ရမှုကို အစဉ်မမေ့လျော့ရေးသည် ဂျာမနီနိုင်ငံ၏ အမျိုးသားရေးတာဝန်ဖြစ်ပြီး အရေးကြီးကြောင်း သမ္မတ ခရစ်ရှန်ဝုဖ်က သုံးသပ်ပြောကြားခဲ့သည်။

ဝင်းဆီးညီလာခံ ကျင်းပခဲ့သော ဝင်းဆီးရိပ်သာ အဆောက်အအုံကို အကြောင်းမဲ့သတ်ဖြတ်ခံခဲ့ရသည့် ဂျူးလူမျိုးခြောက်သန်းကျော်အားရည်စူး၍ ပြတိုက်၊ အထိမ်းအမှတ်အဆောက်အအုံနှင့် ပညာပေးဌာနအဖြစ် ပြောင်းလဲဖွင့်လှစ်ထားသည်။ **အင်တာနက်။**

တာလီဘန်၏ အကျဉ်းသားလွှတ်ပေးရေး အဆိုပြုချက်နှင့်ပတ်သက်၍ အမေရိကန် ဆုံးဖြတ်ချက်မချသေး

ကဘူး ဇန်နဝါရီ ၂၂

ဂွမ်တာနာမိုပင်လယ်အော် အကျဉ်းထောင်၌ အကျဉ်းချခံထားရသော အကျဉ်းသားငါးဦးအား ပြန်လွှတ်ပေးရန် တာလီဘန်တို့က မေတ္တာရပ်ခံထားရာ ၎င်းတို့၏အလိုကို လိုက်လျောသင့်၊ မသင့် အမေရိကန်ပြည်ထောင်စုအနေဖြင့် ဆုံးဖြတ်ထားသေးခြင်းမရှိကြောင်း အာဖဂန်နှင့် ပါကစ္စတန်ဆိုင်ရာ အမေရိကန်အထူးကိုယ်စားလှယ်က တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။

အညီအညွတ်ရှိရမည်

ဂွမ်တာနာမို အကျဉ်းသားငါးဦးအား ပြန်လွှတ်ပေးရေးအတွက် တာလီဘန်အဖွဲ့၏ မေတ္တာရပ်ခံချက်နှင့် ပတ်သက်၍ မည်သည့်ဆုံးဖြတ်ချက်မျှ မချရသေးကြောင်း၊ အကျဉ်းသားများ ပြန်လွှတ်ပေးရေးသည် အမေရိကန်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်လည်း အညီအညွတ်ရှိရမည်ဖြစ်ကြောင်း အာဖဂန်နှင့် ပါကစ္စတန်ဆိုင်ရာ အမေရိကန်သံကိုယ်စားလှယ် မာ့ဂရော့ဗ်မင်းက ပြောကြားခဲ့သည်။

အမေရိကန် သံကိုယ်စားလှယ် ဂရော့ဗ်မင်းသည် အာဖဂန်နစ္စတန် ကဘူးမြို့တော်သို့နှစ်ရက်ကြာရောက်ရှိခဲ့ပြီး အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်း၊ ၎င်း၏အထက်တန်းအကြံပေးများနှင့် ဆွေးနွေးခဲ့သည်။

အမေရိကန်ပြည်ထောင်စုဦးဆောင်သော မဟာမိတ်တပ်ဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးနိုင်ရန် အကြိုလမ်းခင်းသည့်အနေဖြင့် ကာတာနိုင်ငံ၌ နိုင်ငံရေးဆိုင်ရာ ရုံးခန်းတစ်ခန်းဖွင့်လှစ်မည်ဖြစ်ကြောင်း တာလီဘန်များက ယခုလအတွင်း ကြေညာခဲ့သည်။

အင်တာနက်။



နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

အထီးကျန်ဆန်မှုမှ W.E. ဇာတ်ကားဖြစ်လာရသည်ဟု မက်ဒေါနားပြောကြား

နာမည်ကျော်ဂီတကြယ်ပွင့် အဆိုတော် မက်ဒေါနား(ယာပုံ)**က သူမဒါရိုက်တာအဖြစ်ရိုက်ကူးတင်ဆက်ခဲ့သော W.E. ဇာတ်ကားမှာ လန်ဒန်မြို့သို့ ပထမဆုံးအကြိမ်ရောက်ရှိခဲ့စဉ် တစ်ဦးတည်းအထီးကျန်ဆန်နေရာမှ ဗြိတိသျှသမိုင်းကို လေ့လာခဲ့မိသောကြောင့် ယင်းဇာတ်ကားရိုက်ကူးရန် တွန်းအားပေးခြင်းခံခဲ့ရကြောင်း ထုတ်ဖော်ပြောကြားသည်။**

အသက်(၅၃)နှစ်ရှိ မက်ဒေါနားက ခင်ပွန်းဟောင်းဂိုင်းရစ်တ်ချီနှင့် ပထမဆုံးအကြိမ် လန်ဒန်မြို့သို့ ရောက်ရှိခဲ့စဉ် W.E. ဇာတ်ကားမှ အဓိကဇာတ်ကောင် ဝေါလစ္စဆင်ပ်ဆင်အကြောင်းကို လေ့လာမိရာမှ အင်္ဂလန်သမိုင်းကို စိတ်ဝင်စားသွားခဲ့ကြောင်း ထုတ်ဖော်ပြောကြားသည်။

မက်ဒေါနားက "ကျွန်မအိမ်ထောင်ကျပြီး အင်္ဂလန်ကို ရောက်လာတော့ အပေါင်းအသင်းလည်းမရှိ၊ မိတ်ဆွေလည်း မရှိ အထီးကျန်ဆန်နေတဲ့အချိန်မှာ သမိုင်းကြောင်းနဲ့ ယဉ်ကျေးမှုကို လေ့လာမယ်လို့ ဆုံးဖြတ်ခဲ့ပါတယ်။ အင်္ဂလန်သမိုင်းနှင့် ဘုရင်စနစ်အကြောင်းကို လေ့လာဖတ်ရှုခဲ့ပါတယ်။ အဲဒီလို လေ့လာနေရင်း ချစ်သူ ပေါလစ္စဆင်ပ်ဆင်အတွက် ထီးနန်းစည်းစိမ်ကိုပင် စွန့်လွှတ်ခဲ့သူ အဌမမြောက် အက်ဒွက်ဘုရင်အကြောင်းကို ဖတ်ရှုရတဲ့အခါမှာတော့ အံ့သြမှင်တက်ဖြစ်ခဲ့ရပါတယ်" ဟု ဆိုသည်။

"ဝေါလစ္စဆင်ပ်ဆင်အကြောင်း ရေးသားထားတဲ့စာအုပ်တွေကိုလည်း ဖတ်ရှုခဲ့ပါတယ်။ အတော်များများကတော့ တစ်ဖက်သတ်အကြည့်နဲ့ အမြင်စောင်းနေတာ တွေ့ရပါတယ်။ အမျိုးသမီးတွေမှာ စွမ်းအားတစ်မျိုးရှိနေပြီဆိုရင် သူတို့ကို နားလည်ရခက်ပါတယ်"ဟု မက်ဒေါနားက ဆက်လက်ပြောကြားသည်။

မက်ဒေါနားသည် ဝေါလစ္စဆင်ပ်ဆင်နှင့်ပတ်သက်၍ နှံ့နှံ့စပ်စပ်သိရှိလေ့လာခဲ့ပြီး ဝေါလစ္စဆင်ပ်ဆင်ကို ရိုးဖြောင့်သူတစ်ဦးအဖြစ် ယုံကြည်ယူဆပြီး ၎င်း၏ဇာတ်ကားတွင် နေရာမှန်လူမှန်တစ်ဦးအဖြစ် ပုံဖော်ထားသည်။

မက်ဒေါနားက ဂရေဇီယာမဂ္ဂဇင်းသို့ ပြောကြားရာတွင် "ကျွန်မက ဝေါလစ္စဆင်ပ်ဆင်အကြောင်းကို အခြားဒါရိုက်တာတွေထက် နှံ့နှံ့စပ်စပ်သိမယ်လို့ ထင်ပါတယ်"ဟု ဖွင့်ဟပြောကြားသည်။

အင်တာနက်။

အေဝမ်းစိုး

စိန်ခေါ်ပွဲ (Declaration of War)

ရိုမီယိုနှင့် ဂျူးလီယက်ဖနီးမောင်နှံသည် ၎င်းတို့၏ရင်သွေးရတနာကလေးငယ်လေး အပြင်းအထန် ဖျားနာနေစဉ် နောက်ဆုံးအခြေအနေဆိုးနှင့် ရင်ဆိုင်နေရသည်။ ရိုမီယိုနှင့် ဂျူးလီယက်တို့၏ အပေါင်းအသင်းမိတ်ဆွေများ၊ မိသားစုဝင်များက ၎င်းတို့ကို ယင်းအခြေအနေဆိုးမှ ရုန်းထွက်နိုင်အောင်၊ ခံနိုင်ရည်ရှိအောင် နည်းလမ်းပေါင်းစုံဖြင့် နှစ်သိမ့်အားပေးခဲ့သည်။ ရိုမီယိုတို့ ဇနီးမောင်နှံသည် ကလေးငယ်၏ နောက်ဆုံးအခြေအနေ အသက်လုပွဲနှင့်ပတ်သက်၍ ၎င်းတို့၏ စွမ်းဆောင်မှုများကို ၎င်းတို့ကိုယ်တိုင်အံ့အား သင့်ရရုံမျှမက ကလေးငယ်၏ဘဝနှင့် ပတ်သက်၍လည်း အံ့အားသင့်ခဲ့ရသည်။

Declaration of War **(ယာပုံ)**ပြင်သစ်ရုပ်ရှင်ကားသည် လူမှုဘဝတွင် ရင်ဆိုင်ကြုံတွေ့ရလေ့ရှိသည့် ဘဝ၏အခက်အခဲပြဿနာ စိန်ခေါ်မှုကို မလွှဲသာမရှောင်သာ ကြုံတွေ့လာရသောအခါ ရင်ဆိုင်ဖြေရှင်းရပုံများကို စိတ်ဝင်စားဖွယ်ဖန်တီးတင်ပြထားသည့် ဇာတ်ကားဖြစ်သည်။

၎င်းဇာတ်ကားကို ပြင်သစ်ဒါရိုက်တာ Valerie Donzelli က လက်စွမ်းပြရိုက်ကူးထားပြီး ၂၀၁၁ ခုနှစ် (၈၄)ကြိမ်မြောက် အကယ်ဒမီဆုပေးပွဲတွင် အကောင်းဆုံးနိုင်ငံခြားဘာသာဇာတ်ကားဆုရ ဇာတ်ကားအဖြစ် ရွေးချယ်ခံထားရသည်။ ***အင်တာနက်။***



အနောက်မြောက်ပိုင်းဒေသများတွင် ညအပူချိန်များလျော့နည်းနေမည်

နေပြည်တော် ဇန်နဝါရီ ၂၂

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်မိုးရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့်ကရင်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ချင်းပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၆ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီး နှင့် မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီ စင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် (-၂) ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့နှင့် ပင်လောင်းမြို့တို့တွင် ၁ ဒီဂရီစင်တီဂရိတ်စီနှင့် ဟဲဟိုးမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မြိတ်မြို့တွင် ၁ ဒသမ ၆၉ လက်မနှင့် ကော့သောင်းမြို့တွင် သုည ဒသမ ၅၁ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအနောက်မြောက်ပိုင်း ဒေသများတွင် ညအပူချိန်များဆက်လက်လျော့နည်းနေမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ ပေါ့ဆမှု တို့ကြောင့်ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ(ခြေကျင်သွားလာသူ)များ၏ စည်းကမ်း မလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှ လည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ(ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြထိန်းသိမ်းမှု မရှိသောနေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

မဲစာရင်းပြုစုခြင်း

မဲစာရင်း(မူကြမ်း)ပြုစုခြင်း၊

မဲစာရင်း(မူကြမ်း)ကို အောက်ပါအတိုင်း ပြုစုရန်ဖြစ်ပါသည်-

(၁) ၂၀၁၀ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင်ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲ မဲစာရင်းကို အခြေခံရန်၊ (ပုဒ်မ ၂၁) [ကြားဖြတ်ရွေးကောက်ပွဲသည် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဖြစ်ပါက ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်မဲစာရင်းကို အခြေခံရန်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဖြစ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်မဲစာရင်းကို အခြေခံရန်]

(၂) အထက်ပါအခြေခံမဲစာရင်းမှ အောက်ပါမဲဆန္ဒရှင်တို့၏ အမည်ကို နုတ်ပယ်ရန်-
- (က) ကွယ်လွန်သွားသူများ၊
- (ခ) မိမိတို့၏ ရပ်ကွက်/ကျေးရွာအုပ်စု မဲစာရင်းနယ်မြေအတွင်းမှ အပြီးအပိုင် ပြောင်းရွှေ့သွားသူများ၊
- (ဂ) ရွေးကောက်ပွဲဥပဒေအရ မဲပေးပိုင်ခွင့်မရှိသူများ(ပုဒ်မ ၇)-
  - (၁) သာသနာ့ဝန်ထမ်း၊
  - (၂) ထောင်ဒဏ်ကျခံနေရသူ၊
  - (၃) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊
  - (၄) လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံရပြီး လွတ်မြောက်ခွင့်မရသေးသူ၊
  - (၅) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ တားမြစ်ခြင်းခံရသူ၊
  - (၆) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ်ခံယူသူ၊
- (ဃ) ပုံစံ ၃(က)ဖြင့် လျှောက်ထားသော မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင် များ၊ (နည်းဥပဒေများ အပိုဒ် ၁၀ အရ အနည်းဆုံး ရက်ပေါင်း ၁၈၀ ထက် မနည်း မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များသည် ယခု ကြားဖြတ်ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိပြီး မိမိတို့ရောက်ရာအရပ်၌ ဆန္ဒမဲပေးလိုပါက ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၃၀ ထက်နောက်မကျစေဘဲ ပုံစံ ၃ (က) ဖြင့် ကြားဖြတ်ရွေးကောက်ပွဲ မဲစာရင်းသစ်တွင် ထပ်မံလျှောက်ထားရန်လိုပါသည်။)

ရှင်းလင်းချက်

(၁) မိမိ၏ အမြဲတမ်းနေရပ်တွင် ကြားဖြတ်ရွေးကောက်ပွဲမရှိပါက ကိုယ်စားလှယ်ရွေးချယ်ရန် အကြောင်းမရှိ၍ ပုံစံ ၃ (က) ဖြင့် လျှောက်ထားခွင့်ရှိမည်မဟုတ်ပါ။

(၂) မိမိ၏ အမြဲတမ်းနေရပ်တွင် ကြားဖြတ်ရွေးကောက်ပွဲရှိသော်လည်း ယင်းရွေးကောက်ပွဲသည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရွေးချယ်ရန်ဖြစ်ပြီး မိမိရောက်ရှိရာအရပ်တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရွေးချယ်ရန် မဟုတ်ဘဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ရွေးချယ်ပေးရန်ဖြစ်လျှင် ပုံစံ ၃ (က)ဖြင့် လျှောက်ထားခွင့်ရှိမည်မဟုတ်ပါ။

(၃) အလားတူပင် မိမိ၏ အမြဲတမ်းနေရပ်တွင် ကြားဖြတ်ရွေးကောက်ပွဲ ရှိသော်လည်း ယင်းရွေးကောက်ပွဲသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ရွေးချယ်ရန်ဖြစ်ပြီး မိမိရောက်ရှိရာအရပ်တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ရွေးချယ်ရန် မဟုတ်ဘဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရွေးချယ်ရန်ဖြစ်လျှင် ပုံစံ ၃ (က)ဖြင့် လျှောက်ထားခွင့်ရှိမည်မဟုတ်ပါ။

(၄) မိမိ၏ အမြဲတမ်းနေရပ်တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရွေးချယ်ရန်ဖြစ်ပြီး မိမိရောက်ရှိရာအရပ်တွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အပြင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကိုပါ ရွေးချယ်ရန်ဖြစ်လျှင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အတွက်သာ ပုံစံ ၃ (က)ဖြင့် လျှောက်ထားခွင့်ရှိမည်ဖြစ်ပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ရွေးချယ်ရန် ပုံစံ ၃ (က)ဖြင့် လျှောက်ထားခွင့်ရှိမည်မဟုတ်ပါ။

(၅) သို့ရာတွင် ယင်းရက်ပေါင်း ၁၈၀ ထက်မနည်း မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များသည် မိမိတို့ ရောက်ရှိနေသောအရပ်ဒေသသို့ လဝက ပုံစံ(၁၀) ဖြင့် အပြီးအပိုင် ပြောင်းရွှေ့လာကြောင်းနှင့် မဲစာရင်းတွင် ထည့်သွင်းပေးရန် ပုံစံ ၃ ဖြင့် လျှောက်ထားလာလျှင် မဲပေးခွင့်ရှိမည်ဖြစ်၍ မဲစာရင်းတွင် ထည့်သွင်းပေးရန်ဖြစ်ပါသည်။

(၃) မဲစာရင်းတွင် အမည်စာရင်းမပါရှိသေးသော မိမိ၏ ရပ်ကွက်/ကျေးရွာအုပ်စုအတွင်းနေထိုင်သူ အောက်ပါပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ထည့်သွင်းရန်-
- (က) ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ သို့မဟုတ် ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူ [ပုဒ်မ ၁၄ (က)]
- (ခ) အထက်ပါစာရင်းတွင် အောက်ပါဆန္ဒမဲပေးပိုင်ခွင့်ရှိသူများလည်း ပါဝင်စေရပါမည်-
  - (၁) မဲဆန္ဒနယ်ပြင်ပရောက် တပ်မတော်သားများနှင့်အတူနေ အိမ်ထောင်စုဝင်များ [နည်း ၅၄ (က)]
  - (၂) မဲဆန္ဒနယ်ပြင်ပရောက် ကျောင်းသားများ [နည်း ၅၄ (ခ)]
  - (၃) မဲဆန္ဒနယ်ပြင်ပရောက် သင်တန်းသားများ [နည်း ၅၄ (ဂ)]
  - (၄) မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များ [နည်း ၅၄ (ဃ)]
  - (၅) မဲဆန္ဒနယ်ပြင်ပတွင် အချုပ်ခံနေရသူများ [နည်း ၅၄ (င)]
  - (၆) မဲဆန္ဒနယ်ပြင်ပတွင် ဆေးရုံတက်နေရသော အတွင်းလူနာများ [နည်း ၅၄ (စ)]
  - (၇) ရွေးကောက်ပွဲကျင်းပသည့်နေ့ရက်၌ မဲဆန္ဒနယ်အတွင်း ရှိသော်လည်း မဲရုံသို့ ကိုယ်တိုင်လာရောက်ဆန္ဒမဲပေးနိုင်စွမ်းမရှိသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ [နည်း ၅၀(ခ)]
    - (က) အသက်အရွယ်ကြီးရင့်သူ
    - (ခ) အနာကြီးရောဂါစွဲကပ်သူ
    - (ဂ) နေအိမ်တွင် ရောဂါဝေဒနာပြင်းထန်စွာ ခံစားနေရသူ
    - (ဃ) နေအိမ်တွင် မီးဖွားနေသူ
    - (င) မဲဆန္ဒနယ်အတွင်းတွင် အချုပ်ခံနေရသူ
    - (စ) မဲဆန္ဒနယ်အတွင်းတွင် ဆေးရုံတက်နေရသော အတွင်းလူနာများ
- (ဂ) မိမိ၏ ရပ်ကွက်/ကျေးရွာအုပ်စုအတွင်းနေထိုင်သူ တပ်မတော်သားများ၊ အတူနေအိမ်ထောင်စုဝင်များနှင့် မိမိ၏ရပ်ကွက်/ကျေးရွာအုပ်စုအတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်မတော်သားများ၊ အတူနေ အိမ်ထောင်စုဝင်များ၊ [နည်း ၇(ခ)(၁)(၂)]
- (ဃ) နိုင်ငံပြင်ပတွင်ရောက်ရှိနေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ သံအဖွဲ့ဝင်များနှင့် အိမ်ထောင်စုဝင်များ၊ သံရုံးအဖွဲ့ဝင်များနှင့် အိမ်ထောင်စုဝင်များ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ပြည်ထောင်စု အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင်ရောက်ရှိနေသူများနှင့် အိမ်ထောင်စုဝင်များ၊ [ပုဒ်မ ၁၄(ခ)]
- (င) မိမိရပ်ကွက်/ကျေးရွာအုပ်စုအတွင်းသို့ လ. ဝ. က ပုံစံ(၁၀)ဖြင့် အပြီးအပိုင် ပြောင်းရွှေ့လာပြီး အမည်စာရင်းထည့်သွင်းပေးရန် ပုံစံ ၃ ဖြင့် လျှောက်ထားလာသူများ၊ [နည်း ၁၄(င)]
- (စ) နည်းဥပဒေများ ၁၀ အရ ရက်ပေါင်း ၁၈၀ ထက်မနည်း မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များက ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် မိမိတို့၏ အမြဲတမ်းနေရပ်တွင် မဲပေးလိုခြင်းမရှိဘဲ မိမိတို့ရောက်ရှိရာ မဲဆန္ဒနယ်တွင် ဆန္ဒမဲပေးနိုင်ခွင့်ရရှိစေရန် ရွေးကောက်ပွဲ ကျင်းပသည့်နေ့ မတိုင်မီ ရက်ပေါင်း ၃၀ ထက်နောက်မကျစေဘဲ ပုံစံ ၃(က)ဖြင့် လျှောက်ထားလာသူများ၊

ရှင်းလင်းချက်။ (၁) အထက်စာပိုဒ် ၂ (ဃ)ပါအတိုင်း လျှောက်ထားခွင့်ရှိသူများ ဟုတ်မဟုတ်ကို စိစစ်ရမည်ဖြစ်ပါသည်။

(၂) ရွေးကောက်ပွဲကျင်းပသည့်နေ့မတိုင်မီ ရက်ပေါင်း ၃၀ ထက်နောက်ကျ၍ လျှောက်ထားသော လျှောက်လွှာများကို လက်ခံခွင့်မရှိပါ။

မဲစာရင်း(မူကြမ်း)ကို အတည်ပြုရန် ကြေညာခြင်း၊

(၄) အထက်ပါမဲစာရင်း (မူကြမ်း)ကို ကော်မရှင်မှ ရွေးကောက်ပွဲမတိုင်မီ သတ်မှတ်သည့်အတိုင်း ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများက ကြိုတင်ကြေညာရပါမည်။ [နည်း ၈] ယင်းသို့ ကြေညာသည့် နေ့ရက်မှ ၇ ရက်အတွင်း ရပ်ကွက်/ကျေးရွာ အုပ်စုကော်မရှင်အဖွဲ့ခွဲများသည် အောက်ပါတို့ကို ဆောင်ရွက်ရန်ဖြစ်ပါသည်-
- (က) ကြေညာသည့်မဲစာရင်းတွင် မိမိ၏ အမည်စာရင်းမပါရှိ၍ အမည်စာရင်းထည့်သွင်းပေးရန် မဲဆန္ဒပေးပိုင်ခွင့်ရှိသူတစ်ဦးက ပုံစံ ၃ ဖြင့် တောင်းဆိုလာလျှင် စိစစ်ပြီးထည့်သွင်းနိုင်သည်။ [နည်း ၁၁(က)]
- (ခ) မဲစာရင်းတွင် ဆန္ဒမဲပေးပိုင်ခွင့်မရှိသူတစ်ဦး၏အမည် ပါဝင်နေကြောင်းကို ပုံစံ ၄ ဖြင့် ကန့်ကွက်လာလျှင် စိစစ်ပြီး ပယ်ဖျက်နိုင်သည်။ [နည်း ၁၁(က)]
- (ဂ) မဲစာရင်းမှားယွင်းသဖြင့် ပြင်ဆင်ပေးရန် ပုံစံ ၄ ဖြင့် တောင်းဆိုလာလျှင် ပြင်ဆင်ပေးနိုင်သည်။ [နည်း ၁၁ (က)]
- (ဃ) မှန်ကန်စုံလင်သော မဲစာရင်းများဖြစ်စေရန် လိုအပ်သောအချက်အလက်များကို ဖြည့်စွက်ခြင်း၊ ကွယ်လွန်သူများ၏ အမည်များနှင့် ရွေးကောက်ပွဲဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့် မရှိသူများ၏ အမည်များကို ထုတ်ပယ်ခြင်း၊ သတ်ပုံသတ်ညွှန်း အမှားများနှင့် အရေးအကူးချွတ်ယွင်းသော အမှားများကို ပြင်ဆင်ရန်။

အတည်ပြုသည့် မဲစာရင်းကို ပြုစုခြင်း၊

(၅) အထက်ပါအတိုင်းမဲစာရင်းကို ၇ ရက်ကြေညာပြီး ယင်းကြေညာသည့် ၇ ရက်အတွင်း တောင်းဆို၊ ကန့်ကွက်၊ ပြင်ဆင်ခြင်းများ မရှိလျှင်သော်လည်းကောင်း၊ တောင်းဆို၊ ကန့်ကွက်၊ ပြင်ဆင်မှုများရှိ၍ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြင်ဆင်ဆောင်ရွက်ပြီး လျှင်သော်လည်းကောင်း၊ ယင်းသို့ပြင်ဆင်ထားသည့် မဲစာရင်းများကို မြို့နယ်ကော်မရှင် အဖွဲ့ခွဲသို့ အောက်ပါအတိုင်းတင်ပြရမည်-
- (က) သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသည် လွှတ်တော်အလိုက် လွှတ်တော်တစ်ရပ်အတွက် မဲစာရင်း(၂)စုံကို ပြုစုရမည်ဖြစ်ပါသည်။ ယင်းမဲစာရင်း (၂)စုံ၏ စာမျက်နှာတိုင်းတွင် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်စုကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက လက်မှတ်ရေးထိုး၍ မြို့နယ်ကော်မရှင် အဖွဲ့ခွဲထံ ပေးပို့ရမည်ဖြစ်ပါသည်။ [ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲလုပ်ငန်းလမ်းညွှန် စာပိုဒ်-၃၁/၃၂]
- (ခ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများက ပေးပို့လာသောမဲစာရင်းများကို လွှတ်တော်မဲဆန္ဒနယ်အလိုက် စုစည်း၍ ယင်းမဲစာရင်းများ၌ မိမိတွေ့ရှိသည့် အရေးအကူးချွတ်ယွင်းသော အမှားများနှင့် မတော်တဆ အမှားများကို ပြင်ဆင်နိုင်သည်။ ယင်းသို့ပြင်ဆင်ထားသည့် မဲစာရင်းများကို မိတ္တူ (၂)စုံ ထပ်မံပြုစု၍ ယင်းထပ်မံပြုစုထားသည့် မိတ္တူ (၂)စုံ ၏ စာမျက်နှာတိုင်းတွင် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက လက်မှတ်ရေးထိုးရမည်ဖြစ်ပါသည်။[ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲလုပ်ငန်းလမ်းညွှန် စာပိုဒ်-၃၁/၃၂]
- (ဂ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် အထက်ပါကဲ့သို့ အတည်ပြုပြီးဖြစ်သည့် မဲစာရင်း (၄) စုံအနက် (၁)စုံကို ရယူထားပြီး ကျန် (၃)စုံကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်စုကော်မရှင်အဖွဲ့ခွဲများထံသို့ ပြန်လည်ပေးပို့ရန် ဖြစ်ပါသည်။
- (ဃ) ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသည် အတည်ပြုပြီးဖြစ်သည့် မဲစာရင်း(၃)စုံကို ရရှိသည့်အခါ ထိုမဲစာရင်း (၃)စုံကို အောက်ပါအတိုင်း ဖြန့်ဝေရန်ဖြစ်ပါသည်-
  - (၁) မိမိ၏ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲတွင် မဲစာရင်း (၁)စုံကို ရယူထားရန်၊
  - (၂) ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် သက်ဆိုင်ရာမဲရုံမှူးများအား မဲစာရင်း (၁)စုံကို ပေးအပ်ရန်၊
  - (၃) ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံ၌ မဲစာရင်း (၁)စုံကို ကြေညာရန်။

အတည်ပြုပြီးဖြစ်သည့် မဲစာရင်းကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊

(၆) အထက်ပါပြင်ဆင်ပြီးဖြစ်သည့် မဲစာရင်းတွင် နည်းဥပဒေ ၁၁ (ဃ)၌ မည်သို့ပင် ဆိုထားစေကာမူ အောက်ပါတို့ကို ပြင်ဆင်၊ ပယ်ဖျက်နိုင်သည်-
- (က) မဲစာရင်းတွင် အမည်ပါဝင်ခွင့်မရှိဘဲ ပါဝင်နေကြောင်း တွေ့ရှိလျှင် ထိုအမည်အား မဲစာရင်းမှပယ်ဖျက်ခြင်းကို ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့က ဆောင်ရွက်နိုင်သည်။ [နည်း ၁၄ (ခ)]
- (ခ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မဲဆန္ဒနယ်တစ်နယ်ထက် သို့မဟုတ် မဲစာရင်းတစ်ခုထက်ပိုသော အမည်ပါဝင်သူတို့၏ မဲစာရင်းကို ယင်းမဲဆန္ဒရှင်၏ ဆန္ဒနှင့်အညီ ပြင်ဆင်နိုင်သည်။ ယင်းသို့ ပြင်ဆင်၊ ပယ်ဖျက်ကြောင်းကို သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲများသို့ အကြောင်းကြားရမည်။ [နည်း ၁၄ (ဂ)(ဃ)]

နောက်ဆက်တွဲ မဲစာရင်းများ ပြုစုခြင်း၊

(၇) မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသည် အတည်ပြုထားပြီးဖြစ်သည့် မဲစာရင်းတွင် နောက်ထပ်မည်သည့်မဲစာရင်းကိုမျှ ထပ်မံထည့်သွင်းခြင်းမပြုနိုင်ပါ။ မဲစာရင်းထပ်မံထည့်သွင်းရန် လိုအပ်လာပါက နောက်ဆက်တွဲ မဲစာရင်းဖြင့်သာ ထည့်သွင်းရမည်ဖြစ်ပါသည်။

(၈) အောက်ပါတို့ကို နောက်ဆက်တွဲ မဲစာရင်းဖြင့် ပြုစုရမည်-
- (က) မဲစာရင်းတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအချို့၏ အမည်များသည် အစုအဝေးအလိုက် ကျန်ရစ်ခဲ့ကြောင်းတွေ့ရှိလျှင် နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲက ရွေးကောက်ပွဲမကျင်းပမီ ၇ ရက်ထက်နောက်မကျစေဘဲ ထိုအမည်များကို နောက်ဆက်တွဲ မဲစာရင်းတွင် ထည့်သွင်းစေရန် ခွင့်ပြုနိုင်သည်။ [နည်း ၁၄ (က)] ယင်းသို့ ထည့်သွင်းသည့် မဲစာရင်းကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံသို့ တင်ပြရမည်။
- (ခ) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦးသည် ဒေသတစ်ခုမှ အခြားဒေသတစ်ခုသို့ ပြောင်းရွှေ့လာပြီး [လ. ဝ. က ပုံစံ (၁၀)ဖြင့်] မဲစာရင်းသို့ အမည်စာရင်း ထည့်သွင်းလိုကြောင်း ပုံစံ ၃ ဖြင့် လျှောက်ထားလာလျှင် စိစစ်ပြီး ယင်းတို့၏ အမည်စာရင်းကို နောက်ဆက်တွဲ မဲစာရင်းတွင် ထည့်သွင်းပေးခြင်း၊ [နည်း ၁၄ (င)] ယင်းသို့ ထည့်သွင်းသည့် မဲစာရင်းကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံသို့ တင်ပြရမည်။

မဲဆန္ဒနယ်ပြင်ပရောက် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ စာရင်းကို ပြုစုခြင်း၊

(၉) အောက်ပါမဲဆန္ဒနယ် ပြင်ပရောက်မဲဆန္ဒရှင်များသည် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံတွင် ကြိုတင်၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိပါသည် [နည်း ၅၄]-
- (က) မဲဆန္ဒနယ်ပြင်ပရောက် တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များ၊
- (ခ) မဲဆန္ဒနယ်ပြင်ပရောက် ကျောင်းသားများ၊
- (ဂ) မဲဆန္ဒနယ်ပြင်ပရောက် သင်တန်းသားများ၊
- (ဃ) မဲဆန္ဒနယ်ပြင်ပတွင် အချုပ်ခံနေရသူများ၊
- (င) မဲဆန္ဒနယ်ပြင်ပတွင် ဆေးရုံတက်ရောက်နေရသော အတွင်းလူနာများ၊
- (စ) အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများ၊

(၁၀) အထက်ပါ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့် စပ်လျဉ်း၍ ရွေးကောက်ပွဲကျင်းပသည့် နေ့ရက်ကို ကြေညာပြီးလျှင်ပြီးချင်းအောက်ပါတို့ကို ဆောင်ရွက်ရန်ဖြစ်ပါသည်- **စာမျက်နှာ ၇ ကော်လံ ၁ သို့**

○ စာမျက်နှာ ၆ မှ

(က) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မိမိမြို့နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ မဲဆန္ဒနယ်ပြင်ပရောက် တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များ၏ အမည်စာရင်းရရှိရေးအတွက် သက်ဆိုင်ရာတပ်မှူးထံမှ တောင်းယူရန်။[နည်း ၅၆(က)(၄)]

(ခ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မဲဆန္ဒနယ်ပြင်ပရောက် ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံသို့ တက်ရောက်နေရသော အတွင်းလူနာများ၏ အမည်စာရင်းရရှိရေးအတွက် ပုံစံ ၁၅ များကို သက်ဆိုင်ရာ ကျောင်းအုပ်၊ သင်တန်းမှူး၊ အချုပ်တာဝန်ခံ၊ ဆေးရုံအုပ်ကြီးများထံ ပေးပို့ရန်။ [နည်း ၅၆(က)(၁)]

(ဂ) နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများအတွက် ပုံစံ ၁၅ များကို ကော်မရှင်က နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့ရန်။ [နည်း ၅၇(က)]

(၁၁) အထက်ပါကဲ့သို့ တပ်ရင်း၊ တပ်ဖွဲ့များထံမှ တောင်းယူရရှိသော အမည်စာရင်းနှင့် ပေးပို့ထားသည့် ပုံစံ ၁၅ များကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက ပြန်လည်လက်ခံရရှိသည့်အခါ ယင်းစာရင်းနှင့် ပုံစံ ၁၅ များကို သက်ဆိုင်ရာရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲများထံသို့ ဆက်လက်ပေးပို့ရမည်။ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများသည် အမည်စာရင်းများနှင့် ပုံစံ ၁၅ များကို လက်ခံရရှိသည့်အခါ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဟုတ်-မဟုတ် မဲစာရင်းတွင် အမည်စာရင်းပါဝင်ခြင်းရှိ-မရှိတို့ကို စိစစ်၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဖြစ်ပြီး မဲစာရင်းတွင် အမည်စာရင်းပါဝင်ခြင်းမရှိသေးလျှင် မဲစာရင်းတွင် အမည်စာရင်းထည့်သွင်းရပါမည်။ ယင်းနောက် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးမည့် မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏စာရင်းကို ပုံစံ ၁ ဖြင့် သီးခြားစာရင်း ၂ စောင်စီပြုစု၍ တစ်စောင်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။ [နည်း ၅၆(က)(၃)(၄)] [နည်း ၅၇(ဂ)]၊ ကျန်တစ်စောင်ကို မိမိတို့၏ လက်ခံအဖြစ် ထိန်းသိမ်းထားရှိရမည်။

ရှင်းလင်းချက်။ (၁) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် လွှတ်တော်ကိုယ်စားလှယ်လောင်းတို့၏ အမည်စာရင်းကြေညာပြီးသည့်အခါတွင် ရပ်ကွက်/ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများက ပုံစံ ၁ ဖြင့် သီးခြားပြုစု၍ ပေးပို့ထားသည့် အထက်ပါစာရင်းအတိုင်း ကြိုတင်မဲလက်မှတ်များကို ဥပဒေနှင့်အညီ ပေးပို့ရန်ဖြစ်ပါသည်။

ရှင်းလင်းချက်။ (၂) မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ကြိုတင်မဲလက်မှတ်များကို ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲမှ ပုံစံ ၁ ဖြင့် သီးခြားပြုစုပေးပို့ထားသည့် စာရင်းအတိုင်း ထုတ်ပေးရမည်ဖြစ်၍ ပုံစံ ၁ သီးခြားစာရင်းမရှိသော ကြိုတင်ဆန္ဒမဲတောင်းခံသူများကို ကြိုတင်မဲလက်မှတ် ထုတ်ပေးခွင့်ရှိမည်မဟုတ်ပါ။

စာရင်းပြုစုရာတွင် အခြေခံသော ပုံစံများ၊ စာရင်းများကို ထိန်းသိမ်းခြင်း၊

(၁၂) ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသည် မဲစာရင်း၊ နောက်ဆက်တွဲ မဲစာရင်း၊ သီးခြားမဲစာရင်းနှင့် မဲစာရင်းပြုစုရာတွင် အခြေခံသောတပ်ရင်း၊ တပ်ဖွဲ့များထံမှ စာရင်းများ၊ ပုံစံ ၃၊ ပုံစံ ၃(က)၊ ပုံစံ ၃(ခ)၊ ပုံစံ ၄၊ ပုံစံ ၄(က)၊ ပုံစံ၄(ခ)နှင့် ပုံစံ ၁၅ စသည် တို့ကို လုံခြုံစွာထိန်းသိမ်းထားရမည် ဖြစ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မြစ်ကြီးနားအထွေထွေရောဂါကုဆေးရုံကြီးလူနာများနှင့် မိဘမဲ့ဂေဟာသို့ နှွးနွေ့လှူဒါန်း

မြစ်ကြီးနား ဇန်နဝါရီ ၂၂

ကချင်ပြည်နယ် လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါ်ဘောက်ဂျာ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးဘီထောဇောင်တို့သည် အလှူရှင် ဦးချန်လော့ဟောင်းဇယ်နှင့် ဇနီးတို့နှင့်အတူ ဇန်နဝါရီ ၁၆ ရက် နံနက် ၁၀ နာရီတွင် မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်ရှိ ပေါင်းစည်းလယ်ယာစံပြခြံနှင့် ဘက်စုံစိုက်ပျိုးရေးနှင့် မွေးမြူရေးစခန်းမှ နွားနို့ပိဿာ ၂၀၀ ကို အထွေထွေရောဂါကုဆေးရုံကြီး၌ တက်ရောက်ဆေးဝါးကုသမှုခံယူနေကြသည့် လူနာများနှင့် Grace Happy Land မိဘမဲ့ကလေးပြုစုစောင့်ရှောက်မှုဂေဟာရှိ ကလေးငယ်များအား တိုက်ကျွေးခဲ့ကြောင်း သိရှိရသည်။**(ယာပုံ)**

(ညွှန့်ရွှေ-မြစ်ကြီးနား)

အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွန့်နှင့် အလှူရှင် (မြမင်းပွဲရုံ) ပိုင်ရှင် ဦးကျော်လင်း (စိန်ဖြိုးပဲခွဲစက်) မိသားစုတို့ ရေသန့်စက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ရေသန့်စက်နှင့် အဆောက်အအုံတို့အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေး

နေပြည်တော် ဇန်နဝါရီ ၂၂

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အမှတ်(၇) အခြေခံပညာအလယ်တန်းကျောင်းအတွင်း တည်ဆောက်ပြီးစီးသွားသော ငွေကျပ် ၆၅ သိန်းတန်ဖိုးရှိ ရေသန့်စက်နှင့် အဆောက်အအုံတို့အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီခွဲတွင် အဆိုပါကျောင်း၌ကျင်းပရာ အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွန့်နှင့် အလှူရှင် (မြမင်းပွဲရုံ) ပိုင်ရှင် ဦးကျော်လင်း(စိန်ဖြိုးပဲခွဲစက်)မိသားစုတို့က ရေသန့်စက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင်နှင့် အလှူရှင်တို့က ရေသန့်စက် ရေပိုက်ခေါင်းများကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ အလှူရှင်က စိန်ဖြိုးရေသန့်စက် လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြ၍ ရေသန့်စက် အဆောက်အအုံနှင့် စပ်လျဉ်းသည်များကို တိုင်းဒေသကြီးပညာရေးမှူး ဦးစိုးမြင့်ထွန်းထံ လွှဲပြောင်းပေးအပ်ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဝင်းကြည်က ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

အဆိုပါကျောင်းမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၁၅၀၀ ကျော်အတွက် လုံလောက်စွာ သောက်သုံးနိုင်ရန် ကျောင်းသားမိဘဖြစ်သည့် အလှူရှင် ဦးကျော်လင်း+ဒေါ်ဖြိုးအိစီ (မြမင်းပွဲရုံ)၊ သမီး-မမေသော်တာစီ (သူငယ်တန်း အေ)နှင့် မငွေယမုံစီ(စိန်ဖြိုးပဲခွဲစက်)မိသားစုတို့က ငွေကျပ် ၆၅ သိန်း အကုန်အကျခံ၍ စိန်ဖြိုးရေသန့်စက်ကို တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ (သတင်းစဉ်)

စပါး ဈေးကောင်း မရရှိသေးမှုကြောင့် တောင်သူများ ဆောင်းသီးနှံကို မှီခိုအားထားနေရပြန်

ရန်ကုန် ဇန်နဝါရီ ၂၂

ရာသီဥတုဖောက်ပြန်မှုများနှင့် သဘာဝဘေးအန္တရာယ်များကြောင့် ယခုနှစ် မိုးစပါးအထွက်နှုန်း ဆုတ်ယုတ်ခဲ့မှုများအပြင် စပါးပေါ်ချိန်တွင် ဈေးကောင်းမရရှိသောကြောင့် တောင်သူများ အရှုံးပေါ်မှုများရှိနေပြီး တွက်ခြေကိုက်ရေးအတွက် ဆောင်းသီးနှံကို ပြန်လည်မှီခိုအားထားနေကြရကြောင်း သိရသည်။

ယခုနှစ်တွင် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ ရေကြီးရေလျှံခြင်း စသည့် ရာသီဥတုဖောက်ပြန်မှုနှင့် သဘာဝဘေးအန္တရာယ်တို့ကြောင့် စပါးအထွက်နှုန်း သိသိသာသာ ဆုတ်ယုတ်ခဲ့ရပြီး စပါးဈေးမှာလည်း ဈေးကောင်းရရှိခြင်း မရှိသေးသောကြောင့် တောင်သူများ အခက်ကြုံကာ စိုက်စရိတ်ချေးငွေ ပြန်ဆပ်နိုင်ရန်အတွက် သတ်မှတ်ရက်ထက် နောက်ဆုတ်သတ်မှတ်ပေးထားရသည်ဟု သိရသည်။ မိုးထိစပါး၊ ရေစိုစပါးများကိုလည်း ရသည့်ဈေးဖြင့် ထုတ်ရောင်းခဲ့ရသည့်အတွက် တစ်ဧကကုန်ကျစရိတ် မြင့်တက်လာသော်လည်း စပါးအထွက်နှုန်း လျော့ကျမှု၊ ဈေးကောင်းမရရှိမှုတို့ကြောင့် မိုးစပါးတွင် ယခင်နှစ်ကကဲ့သို့ပင် အရှုံးပေါ်လျက်ရှိနေကြပြီး ဆောင်းသီးနှံ ပဲမျိုးစုံကို ပြန်လည်မျှော်ကိုးနေကြသည်ဟု ဧရာဝတီတိုင်းဒေသကြီးမှ လယ်သမားများထံမှ သိရသည်။

လက်ရှိ စပါးဈေးမှာ ကွင်းပေါက်ဈေး၊ ကျေးရွာဈေး တစ်တင်းလျှင် ၂၅၀၀၊ ကျပ် ၂၆၀၀ ဝန်းကျင်သာ ရရှိပြီး မြို့အရောက် တစ်တင်းလျှင် ၂၈၀၀ ဝန်းကျင်ခန့်သာ ရရှိနေကြသည်ဟု သိရသည်။ အရန်ဆန်စပါး ဝယ်ယူပေးမည် ဖြစ်သော်လည်း လက်ရှိအချိန်ထိ စပါးဈေး မြင့်တက်လာခြင်းမရှိသည့်အတွက် အခြေခံ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ အခက်ကြုံနေကြရသည်ဟု သိရသည်။

“ မနှစ်က မိုးစပါးကိုလည်း ထိခဲ့ရပြီးပါပြီ။ ဒီနှစ်ကောင်းမယ် မှန်းထားတာ ရာသီဥတုဖောက်လို့ အထွက်နှုန်းလည်း ဆုတ်ပြီး ဈေးလည်း မကောင်းဘူး။ တစ်ဧက စိုက်စရိတ်က တဖြည်းဖြည်း မြင့်တက်လာတာကြောင့် စိုက်ရတာ မကိုက်တော့ဘူး။ ရှုံးတယ်။ ရှုံးလို့ မစိုက်ကြတော့ဘဲ ဝမ်းစာအတွက်ပဲ စိုက်မယ်ဆိုရင် အထွက်နှုန်းထိမယ်။ တောင်သူတွေ မနစ်နာအောင် အခံဈေးလေးနဲ့ အာမခံချက်ပေးထားမယ်ဆိုရင် ဆက်စိုက်မှာပါ။ အခုတော့ ဆောင်းသီးနှံ မတ်ပဲကို မျှော်ရတော့မှာပဲ။ စပါးမှာ ရှုံးတော့ ပဲကို ပြန်မျှော်ရမှာပေါ့” ဟု ဧရာဝတီတိုင်းဒေသကြီးမှ လယ်သမားများက ဆိုကြသည်။

လက်ရှိအချိန်တွင် တောင်သူကြီးများ စိုက်စရိတ်ချေးငွေ ပြန်ဆပ်ရန် အခက်အခဲဖြစ်နေကြရပြီး ချေးငွေပြန်ဆပ်နိုင်ရန်အတွက် သတ်မှတ်ရက်ကို ယခုလကုန်ပိုင်းအထိ နောက်ဆုတ်ပေးရန် တင်ပြထားရသည်ဟု သိရသည်။ မိုးစပါးဈေးကောင်းရရှိ၍ တောင်သူတို့ အကျိုးဖြစ်ထွန်းမှသာ နွေစပါး စိုက်ပျိုးနိုင်ရေး ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။ ၂၀၁၁ ခုနှစ် ဇူလိုင်လမှစတင်ကာ စံချိန်တင် မိုးရွာသွန်းခဲ့မှုနှင့် ရေကြီးရေလျှံမှုများကြောင့် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မြန်မာနိုင်ငံအလယ်ပိုင်း ပျဉ်းမနားမြို့ ပတ်ဝန်းကျင်ရှိ စပါးခင်းများ ပျက်စီးထိခိုက်မှုများရှိခဲ့ပြီး စပါးအထွက်နှုန်း ၂ သန်းနီးပါး လျော့နည်းနိုင်ကြောင်း ကျွမ်းကျင်သူများက ခန့်မှန်းခဲ့ကြသည်။

မြန်မာတစ်နိုင်ငံလုံးတွင် စပါးစိုက်ဧက ၂၀ ဒသမ ၄၃ သန်းခန့်ရှိမည်ဟု သိရပြီး မိုးစပါးဧက ၁၇ ဒသမ ၂၇ သန်း၊ နွေစပါးဧက ၃ ဒသမ ၁၆ သန်းခန့်ရှိကြောင်း သိရသည်။ တစ်နိုင်ငံလုံး ဆန်စားသုံးမှုပမာဏမှာ တန်ချိန် ၁၆ သန်းခန့် ရှိသည်ဟု သိရပြီး ပြည်ပသို့ တင်ပို့မှုမှာ ၂၀၁၀ ပြည့်နှစ်တွင် ဆန်တန်ချိန် ရှစ်သိန်းခန့်၊ ၂၀၁၁ ခုနှစ် ဧပြီလမှ လက်ရှိအချိန်ထိ ဆန်တန်ချိန် ငါးသိန်းကျော် တင်ပို့မှုရှိခဲ့ကြောင်း သိရသည်။ (၀၀၁)

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၁၁)ရပ်ကွက် ထွန်းနေလင်းရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက် ချေးငွေလုပ်ငန်းဆိုင်းဘုတ်တင် ဖွင့်ပွဲကို ဇန်နဝါရီ ၁၇ ရက်က အသင်းဆိုင်ရှေ့၌ ကျင်းပစဉ်။ (၃၂၉)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၃-၁-၂၀၁၂ (တနင်္လာနေ့)

[၁၃၇၃ ခုနှစ်၊ ပြာသိုလကွယ်နေ့ (ဥပုသ်နေ့)]

နံနက်ပိုင်း

၇း၀၀	၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅	၂။ သတ္တဌာန (ရတနာဦး၊ တေးရေး-ဒဂုန်ဆရာတင်)
၇း၂၅	၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀	၄။ နံနက်ခင်းသတင်း
၇း၄၀	၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၀၀	၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၁၀	၈။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၂၀	၉။ “ယဉ်ကျေးမှုအနုလက်ရာစုံစွာ ဘုရားအာနန္ဒာ”
၈း၃၀	၁၀။ International News
၈း၄၀	၁၁။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
၉း၀၀	၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။ အကပဒေသာ
၄း၂၀	၃။ တေးဂီတအစီအစဉ်
၄း၃၀	၄။ အတီးပြိုင်ပွဲ
၄း၄၀	၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - ပထမနှစ် (စိတ်ပညာအထူးပြု) (စိတ်ပညာ)
၄း၅၅	၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၀၅	၇။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၅း၂၀	၈။ မြန်မာစာ၊ မြန်မာစကား
၅း၃၅	၉။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၆း၀၀	၁၀။ ညနေခင်းသတင်း
၆း၁၅	၁၁။ မိုးလေဝသအခြေအနေ
၆း၂၀	၁၂။ ဆိုကြမယ်၊ ပျော်ကြမယ်
၇း၀၀	၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ “စိတ်ကူးနဲ့ကြမ္မာ” (ဒုတိယတွဲ) (အပိုင်း-၃၆)**
၈း၀၀	၁၄။ ပြည်တွင်းသတင်း
	၁၅။ နိုင်ငံတကာသတင်းများ
	၁၆။ မိုးလေဝသအခြေအနေ
	၁၇။ ကမ္ဘာကျော်သရုပ်ဆောင်များ
	၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ “မွေးစားသား”(အပိုင်း-၁၉)**
	၁၉။ အိန္ဒိယရုပ်ရှင် **“မုန်တိုင်းခြေရာ”(အပိုင်း-၁)**
	၂၀။ အစီအစဉ်ပြီး၏။

အမှာစကားပြောကြား

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းနာယက ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ဗိုလ်တထောင်မြို့နယ် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုပေးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

❖ **ကျောဖုံးမှ**

ပြုလုပ်အကောင်အထည်ဖော်လျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိမြို့နယ် အနှံ့အပြား၌လည်း ဆက်လက်ပြုလုပ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

လူငယ်များသည် အနာဂတ်တွင် နိုင်ငံတော်အတွက် အားများဖြစ်ကြောင်း၊ အရည်အချင်းရှိပြီး စွမ်းအားပြည့်ဝသည့် နိုင်ငံတော်၏ အားများဖြစ်လာစေရန် အချက်(၃)ချက် တည်ဆောက်ရန်လိုအပ်ကြောင်း၊ နံပါတ်(၁) အချက်မှာ ကျောင်းသား၊ ကျောင်းသူလူငယ်များသည် ကျောင်းသင်ခန်းစာများကို တတ်မြောက်ထူးချွန်အောင် သင်ကြားလေ့ကျင့်ခြင်း၊ တစ်ဖက်ကလည်း ပြင်ပစာကောင်းပေမွန်များကို မပြတ်ဖတ်ရှုလေ့လာခြင်း၊ ထို့ပြင် ငယ်ရွယ်သည့်အချိန်မှစတင်၍ အသက်ထက်ဆုံးစာရိတ္တကောင်းမွန်ခိုင်မာအောင် ကျင့်ကြံနေထိုင်ခြင်း၊ ကိုယ်ခန္ဓာကြံ့ခိုင်မှုနှင့် စိတ်ဓာတ်ကြံ့ခိုင်မှုရှိခြင်း၊ ပေါင်းသင်းဆက်ဆံရေးနယ်ပယ် ကျယ်ပြန့်ခိုင်မာခြင်းစသည့် အရည်အချင်းများပြည့်စုံအောင် တည်ဆောက်ရန်ဖြစ်ကြောင်း၊ (၂)အချက်မှာ သင်ကြားတတ်မြောက်ထားသည့် သင်ခန်းစာများအပေါ် ဆင့်ပွားတီထွင်ဖော်ထုတ်၍ သညာအဆင့်မှ ပညာအဆင့်သို့ တက်လှမ်းနိုင်အောင်ကြိုးပမ်းပြီး တိုင်းပြည်နှင့်လူမျိုးအကျိုးစီးပွားကို ဖော်ဆောင်ရန်ဖြစ်ကြောင်း၊ နံပါတ်(၃)အချက်မှာ နိုင်ငံတော်အတွက် တကယ့်အား ဖြစ်လာစေရန် တိုင်းပြည်နှင့်လူမျိုးအပေါ် ချစ်မြတ်နိုးသည့် စိတ်ဓာတ်ကိုခိုင်မာအောင် တည်ဆောက်ကြရန်ဖြစ်ကြောင်း။

ယခုအခါ ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ ကျေးလက်နေပြည်သူများ စာပေဖတ်ရှုလေ့လာသည့် အလေ့အကျင့်ပိုမိုမြင့်မားလာစေရေး၊ စာအုပ်စာစောင်များကို လက်လှမ်းတမီ ဖတ်ရှုလေ့လာနိုင်၍ အသိပညာ၊ ဗဟုသုတမြင့်မားလာစေရေးအတွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ခြင်း၊ ထူထောင်ပြီး စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးရှင်သန်စေရန်အတွက် စံ(၅)ရပ်နှင့်ကိုက်ညီအောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း။

စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းစဉ်များသည် တိုင်းပြည်နှင့် လူမျိုး၏အကျိုးကို ရှေးရှုသည့် အမျိုးသားရေးလုပ်ငန်းတာဝန်များဖြစ်၍ ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပါဝင် အားပေးဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်က ၂၀၁၀ ခုနှစ် မေလတွင် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းဖွဲ့စည်းတည်ထောင်ခဲ့မှု၊ ဖောင်ဒေးရှင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များ၊ ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရန် စံ(၅)ရပ်နှင့်ကိုက်ညီအောင် ပံ့ပိုးဆောင်ရွက်ခြင်းလုပ်ငန်းများကို နိုင်ငံတော်၏အား၊ ဒေသခံပြည်သူလူထု၏အား၊ စေတနာရှင် အလှူရှင်ပုဂ္ဂိုလ် အဖွဲ့အစည်းများ၏အားအပြင် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းတို့၏အားတို့ဖြင့် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းနာယက ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမဆုရ အထက(၄)ဗိုလ်တထောင်မှ မဖြူလဲ့ကိုကို၊ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ အထက(၃)ဗိုလ်တထောင်မှ မနှင်းလဲ့ရည်ဦး၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ အထက(၆)ဗိုလ်တထောင်မှ မောင်လွင်မိုးအောင်နှင့် မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ပထမဆုရ အထက(၅)ဗိုလ်တထောင်မှ မသက်ဦးမေတို့အား ဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ Eleven Media Group က ဗလာစာအုပ်ဒါဇင် ၁၅၀၊ စိတ်ကူးချိုချို စာပေတိုက်က ဗိုလ်တထောင်မြို့နယ်ရှိ အထက်တန်းကျောင်းခြောက်ကျောင်းအတွက် တစ်ကျောင်းလျှင် ငွေကျပ်သုံးသိန်းနှုန်းဖြင့် ငွေကျပ် ၁၈ သိန်းတန်ဖိုးရှိ စာအုပ်စာစောင်များ၊ ဦးလှထွန်းအောင်(မောင်မောင်ထွန်းအောင်-ကျန်းမာရေး)က ငွေကျပ်ခြောက်သိန်း ခြောက်သောင်းတန်ဖိုးရှိ သုတစာအုပ် ၄၅၀၊ ပညာရွှေတောင် စာအုပ်တိုက်က ငွေကျပ် ၂၀၂၅၅၀၀ တန်ဖိုးရှိ စာအုပ်စာစောင် ၁၀၇၅ အုပ်နှင့် ဦးမောင်မျိုး (မောင်မျိုး-ကြောင်နှစ်ကောင်စာပေ)က ငွေကျပ် ၁၃ သိန်း ခြောက်သောင်းတန်ဖိုးရှိ စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ ဖောင်ဒေးရှင်းနာယက ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက လက်ခံသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ဗိုလ်တထောင်မြို့နယ်အတွင်းရှိ အထက်တန်းကျောင်း ခြောက်ကျောင်းအတွက် Sky Net ရုပ်သံဖမ်းစက်ခြောက်လုံးကို ကျောင်းအုပ်ကြီးများထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးခင်မောင်ထွန်း (ခင်မောင်ထွန်း-လမ်းမတော်)၊ ဖောင်ဒေးရှင်းဒုတိယဥက္ကဋ္ဌ ဦးညွန့်ဆွေ၊ ဖောင်ဒေးရှင်းအလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါက်တာချစ်စံ(ချစ်စံဝင်း)နှင့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)တို့က ကျပန်းစကားပြောပြိုင်ပွဲ၊ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲတို့တွင် ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်က ကျောင်းစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များကို ဗိုလ်တထောင်မြို့နယ်ပညာရေးမှူး ဦးမြင့်အောင်နှင့် ရပ်ကွက်စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များကို ဗိုလ်တထောင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦးတို့ထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ပထမဆုရ မသက်ဦးမေနှင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမဆုရ မဖြူလဲ့ကိုကိုတို့က ယှဉ်ပြိုင်ခဲ့မှုကို ပြန်လည်သရုပ်ပြသကြပြီး ဗိုလ်တထောင်မြို့နယ် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပခဲ့မှု ဗီဒီယိုဓာတ်ပုံ မှတ်တမ်းများကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်တထောင်မြို့နယ် အမှတ်(၆)နှင့် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူများက "ဇာတိမာန်" သီချင်းသီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် အခမ်းအနားသို့တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယခုပွဲတော်တွင် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းက ငွေကျပ် ၂၀၉၅၀၀၀ တန်ဖိုးရှိ စာအုပ်စာစောင် ၄၄၀၀၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ် ၃၆၀၀၀၀ တန်ဖိုးရှိ မဂ္ဂဇင်းဂျာနယ်မျိုးစုံ ၆၈၃ အုပ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ငွေကျပ် ၄၆၆၂၀၀ တန်ဖိုးရှိ မဂ္ဂဇင်းဂျာနယ် ၁၉၁၄ အုပ်၊ Eleven Media Group က ငွေကျပ် ၃၈၁၆၀၀ တန်ဖိုးရှိ ဗလာစာအုပ်ဒါဇင် ၁၅၀၊ စိတ်ကူးချိုချိုစာပေတိုက်က ငွေကျပ် ၁၈ သိန်းတန်ဖိုးရှိ စာအုပ်စာစောင်များ၊ ပညာရွှေတောင်စာအုပ်တိုက်က ငွေကျပ် ၂၀၂၅၅၀၀ တန်ဖိုးရှိ စာအုပ်စာစောင် ၁၀၇၅ အုပ်၊ ဦးလှထွန်းအောင်(မောင်မောင်ထွန်းအောင်-ကျန်းမာရေး)က ငွေကျပ် ၆၆၀၀၀၀ တန်ဖိုးရှိ သုတစာအုပ် ၄၅၀၊ အလင်းသစ်စာပေက ငွေကျပ် ၁၀၂၅၀၀ တန်ဖိုးရှိ စာအုပ် ၆၀၊ ရှုဝံစာပေက ငွေကျပ် ၁၅၀၀၀၀ တန်ဖိုးရှိ စာအုပ် ၁၀၂ အုပ်၊ ဆုပြည့်စုံထွန်းစာပေက ငွေကျပ် ၉၂၃၀၀ တန်ဖိုးရှိ စာအုပ် ၆၇ အုပ်နှင့် ဦးမောင်မျိုး (မောင်မျိုး-ကြောင်နှစ်ကောင်စာပေ)က ငွေကျပ် ၁၃၆၀၀၀၀ တန်ဖိုးရှိ စာအုပ်စာစောင်များ အပါအဝင် စုစုပေါင်းငွေကျပ် ၉၄၉၃၁၀၀ တန်ဖိုးရှိ သုတ၊ ရသ၊ မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံ ၁၀၅၅၁ အုပ်တို့ကို လှူဒါန်းခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

ဥက္ကံအသင်း(ရန်ကုန်)ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၂

ဥက္ကံမြို့မ လူမှုရေးအသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ နိုင်ငံတော်ဘွဲ့ထူးရပုဂ္ဂိုလ်များဂုဏ်ပြုပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် နှစ်ပတ်လည်စည်းဝေးပွဲကို ဇန်နဝါရီ ၂၉ ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် စမ်းချောင်းမြို့နယ် မြေနီကုန်း ပြည်လမ်းရှိ မစိုးရိမ်ပရိယတ္တိစာသင်တိုက်မွေ့ရုံ၌ ကျင်းပမည်ဖြစ်ရာ ဥက္ကံနွယ်ဖွား နိုင်ငံတော်ဘွဲ့ထူးရပုဂ္ဂိုလ်များ၊ အသက် (၈၀)ပြည့် အသင်းဝင်များ၊ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် အသင်းဝင်များ၏ သားသမီးများ စာရင်းပေးပို့ကြရန်၊ အသင်းဝင်များ တက်ရောက်ကြရန်နှင့် သိရှိလိုသည်များကို အသင်းအမှုဆောင် ဦးချူဝမ်း ဖုန်း-၅၄၆၁၅၀နှင့် ဦးအောင်မြင့် ဖုန်း-၅၃၄၄၇၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဇန်နဝါရီ ၁၅ ရက်က ဗဟန်းမြို့နယ် အမှတ်(၁၇) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်း ထူးချွန်ဆုနှင့် သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆု မဂရေ့စ်ဆုန်းချင်းပါရီအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ငွေမာလွင် ပညာရည်ချွန်ဆု ချီးမြှင့်စဉ်။ (ပညာရေး)

ပလင်းတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

ပညာဂုဏ်ရောင် အလင်းဆောင်

ပညာဂုဏ်ရောင် အလင်းဆောင်

စာကြည့်တိုက်နှစ်ပတ်လည်ကျင်းပ

စာအုပ်၊ စာစောင်များနှင့် ငွေပဒေသာပင်များ စိုက်ထူလှူဒါန်း

တောင်တွင်းကြီး ဇန်နဝါရီ ၂၂

တောင်တွင်းကြီးမြို့နယ် ရေဦးအုပ်စု ငွေမိုးကျေးရွာ အတွေးသစ်စာကြည့်တိုက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်စာပေဟောပြောပွဲကို ဇန်နဝါရီ ၂၁ ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် နတ်မှီတောရ ဆရာတော် ဦးဆန္ဒာဓိကက အဖွင့်အမှာစကားပြောကြားပြီး စာရေးဆရာ ထက်ခေါင်က တိုးတက်ခြင်းနှင့် ဆုတ်ယုတ်ခြင်းခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဦးဇော်ဌေးအောင်က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးကိုလည်းကောင်း အသီးသီးဟောပြောဆွေးနွေးကြသည်။

ဆက်လက်၍ စာရေးဆရာ ထက်ခေါင်၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးဇော်ဌေးအောင်နှင့် အလှူရှင် ၁၅ ဦးတို့က သုတ၊ ရသစာအုပ်မျိုးစုံနှင့် ငွေပဒေသာပင်များ စိုက်ထူလှူဒါန်းရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(၅၈၀)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့်စာအုပ်၊ စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိသဖြင့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေ နှင့် စာအုပ်၊ စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၄၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၃၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

မြစ်သားမြို့နယ် လမ်းခွကျေးရွာတွင် လမ်းပြကြယ်စာကြည့်တိုက်ဖွင့်

မြစ်သား ဇန်နဝါရီ ၂၂

မြစ်သားမြို့နယ် လမ်းခွကျေးရွာအုပ်စု လမ်းပြကြယ်စာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၃၀ရက်က လမ်းခွကျေးရွာ ရန်ကုန်-မန္တလေး ကားလမ်းဘေးရှိ အဆိုပါစာကြည့်တိုက် အဆောက်အအုံသစ်၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး သစ်တောနှင့် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးသန်းစိုးမြင့်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသန်းနှင့် ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်ပြန်/ဆက် ဦးစီးမှူးများ၊ ရပ်မိရပ်ဖများ၊ စာကြည့်တိုက်ကော်မတီဝင်များ၊ အလှူရှင်များနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်ပြန်/ဆက်ဦးစီးမှူး ဒေါ်ဝေဝေဖြိုးတို့က အမှာစကားပြောကြားကြပြီး စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးကျော်နိုင်ဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် အလှူရှင်များက စာကြည့်တိုက်ရန်ပုံငွေများ၊ ပရိဘောဂများ၊ ရုပ်မြင်သံကြားစက်နှင့် စာအုပ်စာစောင်၊ ဂျာနယ်များကို ပေးအပ်လှူဒါန်းကြပြီး တာဝန်ရှိသူများက စာကြည့်တိုက် အဆောက်အအုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

အဆိုပါစာကြည့်တိုက်ကို နိုင်ငံတော်မှ မတည်ငွေကျပ် ၁၀ သိန်းနှင့် စေတနာရှင်များမှ လှူဒါန်းငွေများဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ရာ အလျား ၂၅ ပေ၊ အနံ ၁၇ ပေနှင့် အမြင့် ၁၅ ပေရှိ အုတ်ခင်းအုတ်ကာသွပ်မိုး အဆောက်အအုံဖြစ်ပြီး စုစုပေါင်းကုန်ကျ ငွေကျပ် ၅၄ သိန်း ဖြစ်ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၁-၂၀၁၂ (တနင်္လာနေ့)

AM & PM

၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
၅:၂၀ MRTV-4 သတင်း
၅:၄၀ "ကောင်းကျိုးချမ်းသာ တိုးပွားကြောင်း" တရားတော် (ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ)
၆:၄၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၉၅)**
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၄၈)**
၈:၄၅ ကောလင်းမြို့ အထက ကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏(၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲ
၉:၀၅ မျှဝေပေးမည်ယူလိုက် စေချင်သည် ဒါနပါရမီ
၉:၂၀ အထက(၁၀)တာမွေ မြတ်ဆရာပူဇော်ပွဲ
၉:၃၅ စာအုပ်ပြခန်း
၉:၄၅ သဘာဝဆေးစွမ်းထက်သော မြန်မာ့တပင်တိုင်မြနန်း
၁၀:၀၅ မိတ္ထီလာစက်မှုလက်မှုသိပ္ပံ မြတ်ဆရာပူဇော်ပွဲ
၁၀:၂၀ ဈေးဝယ်လမ်းညွှန်
၁၀:၄၅ Celebrity Choice
၁၁:၁၅ ဈာန်ကြွနေသည့်အလား ရှင်တော်မြတ်အား ပူဇော်ပါ၏ဘုရား
၁၁:၃၀ ရန်ကုန်မြင်ကွင်းကျယ်
၁၁:၄၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်" (အပိုင်း-၃၃)**
၁၂:၃၀ မြတ်နိုးဖွယ်ရာမြန်မာကဗျာ
၁:၀၀ "ကောင်းကျိုးချမ်းသာ တိုးပွားကြောင်း" တရားတော် (ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ)
၂:၀၀ MRTV-4 သတင်း
၂:၂၀ Future Light Computer Center ဖွင့်ပွဲအခမ်းအနား
၂:၄၀ Hotel Mandalay မှ ပျော်ရွှင်ဖွယ်ရာ Emp ရဲ့အောင်ပွဲည
၂:၅၅ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ
၃:၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၉၅)**
၄:၀၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၄၈)**
၄:၅၅ နတ်လူအများ သာခုခေါ် စေရာ. . . မုံရွာမြို့မှ အောင်ဆုမွန် အလှူတော် မင်္ဂလာ
၅:၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်" (အပိုင်း-၃၃)**
၆:၀၀ MRTV-4 သတင်း
၆:၁၅ Sunday Talk (ရဲမှူးထွန်းထွန်းဝေ၊ မျိုးမြတ်သူ)
၆:၄၅ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၉၆)**
၇:၃၅ ဗီဒီယိုပြခန်း
၈:၀၀ MRTV-4 သတင်း
၈:၃၀ ဥရောပဂန္ထဝင် တေးသွား ဂီတမိတ်ဆက်ပွဲ (အပိုင်း-၁)
၈:၅၀ အနုပညာမိုးကောင်းကင်
၉:၂၀ The Shop Around The Corner (Part-6)
၉:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၄၉)**
၁၀:၁၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀:၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်" (အပိုင်း-၃၄)**
၁၁:၁၀ International Show Biz
၁၁:၂၅ အမျိုးသားများနှင့် ပတ်သက်သော အကြော၊ အဆစ်ရောဂါ အကြောင်းသိကောင်းစရာ (အပိုင်း-၂) (ဒေါက်တာပန်ဒိုရာအောင်ကြီး၊ နေတိုး၊ ထွန်းထွန်း၊ မိုးမိုး၊ ကျော်ကျော်ဗို)
၁၁:၄၅ ဘဝများ (ခင်စန်းဝင်း)
၁၂:၀၅ စိုက်ပျိုးအောင်မြင်. . . စပ်ခရမ်းချဉ်
၁၂:၂၀ နှယဉ်ဆန်းထွင်ပန်းအလှဆင်
၁၂:၄၅ **မေတ္တာရောင်ပြန် (ဇေယျ၊ ဦးဝင်းမြိုင်၊ စိုးမိုးကြည်) [ဒါရိုက်တာ-ဝင်းမောင်ရွှေ(Art)]**
၁:၀၀ ပုညာရာမမိုးကုတ်ဝိပဿနာ ကျောင်းတိုက်၏ တစ်သက်စာ ဝိပဿနာ
၁:၃၀ ကြည်လင်သောရေ၏ လျှို့ဝှက်ချက်
၁:၄၀ လောင်မြိုက်ခြင်း၏ ကမ်းတစ်ဖက်
၂:၁၅ Box Office Movies (Avator)
၂:၃၅ တိုးတက်စည်ဝေ ညောင်ဇင်ကျေးရွာဖွံ့ဖြိုးနေ
၃:၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၄:၀၀ စကားဝါမြေ၏ အိုအေစစ်
၄:၂၀ အလှဆင်ပူဇော် ဘုရားမီး ရောင်ခြည်တော်
၄:၄၅ ယဉ်ကျေးလိမ္မာတတ်သိစေတာ အောင်ပရဟိတမှာ
၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဇန်နဝါရီ ၈ ရက်က တောင်ဥက္ကလာပမြို့နယ် အမက(၂၉)၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ ငါးနှစ်ဆက်တိုက် ပထမဆုရ တတ္တတန်းမှ မောင်ကောင်းခန့်ဇော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းစိုး ဆုချီးမြှင့်စဉ်။ (ပညာရေး)

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်ညီလာခံ ကျင်းပမည်

ရန်ကုန် ဇန်ဝါရီ ၂၂

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်ညီလာခံနှင့် (၁၃)ကြိမ်မြောက် FDI-MDA Joint Educational Meeting ကို ဇန်နဝါရီ ၂၅ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ Sedona Hotel ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ညီလာခံတွင် ပြည်တွင်းပြည်ပသုတေသနစာတမ်းများ ဖတ်ကြားတင်သွင်းခြင်း၊ သွားဘက်ဆိုင်ရာ ဆေးပစ္စည်းကိရိယာပြခန်းများ၊ သွားကျန်းမာရေး သုံးပစ္စည်းပြခန်းများနှင့် ဆေးပြခန်းများ ပါဝင်ပြသကြမည်ဖြစ်သည်။ ညီလာခံနှင့်အတူ အသင်းဝင်အသက်(၆၅)နှစ်အထက် သွားဘက်ဆိုင်ရာ ဆရာဝန်ကြီးများအား ပူဇော်ကန်တော့ပွဲကိုလည်း ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း တက္ကသိုလ်များ၌ ဟောပြော

လှိုင်လင် ဇန်နဝါရီ ၂၂

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(လှိုင်လင်)၏ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)၊ အစိုးရနည်းပညာအထက်တန်းကျောင်း(ပင်လုံ)နှင့် နည်းပညာတက္ကသိုလ်(ပင်လုံ)တို့၌ ကျင်းပရာ ကွန်ပျူတာတက္ကသိုလ် (ပင်လုံ) ကျောင်းအုပ်ကြီး ဒေါက်တာဝင်းဇော်၊ အစိုးရနည်းပညာအထက်တန်းကျောင်း(ပင်လုံ) ကျောင်းအုပ်ကြီး ဒေါ်အေးနွဲ့စံနှင့် နည်းပညာတက္ကသိုလ်(ပင်လုံ) ကျောင်းအုပ်ကြီး ဒေါက်တာပန်သူထွန်းတို့က အဖွင့်အမှာစကားပြောကြားကြပြီး ခရိုင်ဦးစီးမှူး ဦးချစ်တင်၊ စစ်ဆေးရေးမှူး-၂ ဦးဇော်ကိုကိုဖေ၊ ရဲအုပ်ကျော်မျိုးထက်နှင့် တွဲဖက်အတွင်းရေးမှူး တပ်ကြပ်ကြီး ကျော်အေးတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောကြကြောင်း သိရသည်။ (ကညန)

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီးမဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

ကချင်ပြည်နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၂

ကချင်ပြည်နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့၏ (၁/၂၀၁၂) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီ ၁၉ ရက် နံနက် ၁၀ နာရီတွင် မြစ်ကြီးနားမြို့ ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးမင်းချစ်ဦးက လူကုန်ကူးမှု ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေး၊ လူကုန်ကူးခံရသူများကို ပြန်လည်ကယ်တင်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်(၄)ရပ်ထိရောက်စွာ အကောင်အထည်ဖော်ရေးတို့ကို မှာကြားပြီး ဒုတိယဥက္ကဋ္ဌ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်လွင်က လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့များ စနစ်တကျ ဖွဲ့စည်းထားရှိမှုနှင့် စီမံချက်ပါလုပ်ငန်းများ အောင်မြင်အောင် အကောင်အထည်ဖော်ရေး ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ အဖွဲ့ဝင် ပြည်နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက နေပြည်တော်တွင် ကျင်းပခဲ့သည့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အစည်းအဝေး လမ်းညွှန်မှာကြားချက်များကို လည်းကောင်း၊ ပြည်နယ် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒုတိယရဲမှူးမြင့်ကြူက လူကုန်ကူးမှု တားဆီးကာကွယ်ရေး အထူးအဖွဲ့များ ဖွဲ့စည်းမှုအခြေအနေနှင့် မှုခင်းဖော်ထုတ်မှု၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်မှုကိုလည်းကောင်း၊ အဖွဲ့ဝင်များက ဌာနအလိုက် လုပ်ငန်းများ ပူးပေါင်းပါဝင် ဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အဖွဲ့ဥက္ကဋ္ဌက လူကုန်ကူးမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ရေး မှာကြားခဲ့ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

ကချင်ပြည်နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့၏ (၁/၂၀၁၂) လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

အခပေး ယာယီမြစ်ကူးတံတားများ တည်ဆောက်ပြီးစီး

ရေတာရှည် ဇန်နဝါရီ ၂၂

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း စစ်တောင်းမြစ်ရေနည်းပါးချိန် အခပေးမြစ်ကူးတံတားများကို အဓိကအားထား၍ သွားလာနေကြရကြောင်းသိရသည်။ **(ဝဲပုံ)** ယခုအချိန်သည် စိုက်ပျိုးသီးနှံများ ဈေးကွက်သို့ တင်ပို့ရောင်းချရာ၌လည်းကောင်း၊ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး ကိစ္စအရပ်ရပ်တို့တွင် အဆိုပါ ယာယီမြစ်ကူးတံတားများကိုသာ အသုံးပြုကြရသည်။

ဒေသတွင်း အမြဲတမ်းသွားလာနိုင်ရေး တံတားမရှိ၍ စစ်တောင်းမြစ်၏အရှေ့၊ အနောက်ကူးလူး သွားလာရာတွင် မိုးရာသီ၌ အခက်အခဲများစွာကြုံတွေ့ရလျက်ရှိသည်။ ယာယီမြစ်ကူးတံတားများ အသုံးပြုရာ၌ လူတစ်ဦးလျှင် အသွား/အပြန် ကျပ် ၂၀၀၊ ဆိုင်ကယ်တစ်စီး ကျပ် ၅၀၀၊ ယာဉ်ဖြတ်သန်း၍ ရသော တံတားများတွင် ယာဉ်တစ်စီးကုန်ချိန်ပေါ်မူတည်ပြီး ကျပ် ၅၀၀၀ မှ ကျပ် ၁၀၀၀၀ ကျော်ကျသင့်ကြောင်းသိရသည်။ (၅၇၈)

သုံးဘီးဆိုင်ကယ်အား ဆိုင်ကယ်က နောက်မှဝင်တိုက်

မိတ္ထီလာ ဇန်နဝါရီ ၂၂

မိတ္ထီလာစက်မှုဇုန် ရန်ကုန်-မန္တလေးကားလမ်း နီလာရိုးမစက်သုံးဆီဆိုင်အနီး မိတ္ထီလာ-မန္တလေး ကားလမ်း မိုင်တိုင်အမှတ် (၃၄၇/၃) အနီးတွင် ဇန်နဝါရီ ၇ ရက်က သာစည်မြို့နယ် သပြေဝကျေးရွာနေ ဦးမျိုးမင်းဆွေ (၃၂)နှစ် မောင်းနှင်သည့် သုံးဘီးဆိုင်ကယ်အား သာစည်မြို့နယ် ဟံဇားကျေးရွာနေ ကိုသက်နိုင်လွင် (၂၀)နှစ် စီးလာသည့် ဆိုင်ကယ်က နောက်မှ ဝင်ရောက်တိုက်မိရာ ဆိုင်ကယ်စီးသူနှင့် သုံးဘီးဆိုင်ကယ်မောင်းသူတို့ ဒဏ်ရာအသီးသီးရရှိသွားခဲ့သည်။ ယာဉ်တိုက်မှုကို အမှတ်(၃)ရဲစခန်းမှ ဒုရဲအုပ်စိုးနိုင်က အမှုဖွင့်အရေးယူထားသည်။ (၁၁၁)

ဆိုင်ကယ်ပြင်နေစဉ် ကားတိုက်သေဆုံး

သာစည် ဇန်နဝါရီ ၂၂

မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအနီး မိတ္ထီလာ-တောင်ကြီးကားလမ်း မိုင်တိုင်အမှတ် (၃၁/၅) အနီးတွင် ဇန်နဝါရီ ၇ ရက်က သာစည်မြို့နယ် ပို့ဇာကုန်းကျေးရွာနေ တောင်သူကိုလှဌေး(၃၁)နှစ်က နံပါတ်မပါ လေ့ဂျားဆိုင်ကယ်အား နောက်မှ တစ်ရွာတည်းနေ စိန်ကျော်လင်း (၃၁)နှစ်အားတင်ဆောင်စီးလာစဉ် ဆိုင်ကယ် စက်ချွတ်ယွင်း၍ ဆိုင်ကယ်ရပ်ပြင်ဆင်နေစဉ် အနောက်မှအရှေ့သို့ မောင်းနှင်လာသည့် ကုန်တင်ကားတစ်စီးက ကား၏နောက်ပိုင်းဖြင့် ကိုလှဌေးအား ဝင်ရောက်တိုက်မိရာ ကိုလှဌေးမှာ လဲကျသွားပြီး ဝဲဘက် နားထင်၊ ဆီးခုံနှင့် တင်ပါးတို့တွင် ပြင်းထန်စွာဒဏ်ရရှိသွား၍ သာစည်ရဲစခန်းမှ တာဝန်မှူး ဒု-ရဲအုပ်အောင်ဇော်ဦးနှင့် အဖွဲ့က ကိုလှဌေးအား သာစည်ဆေးရုံသို့ တင်ပို့စဉ် ကိုလှဌေးမှာ ရရှိထားသောဒဏ်ရာဖြင့် သေဆုံးသွားခဲ့သည်။ သာစည်ရဲစခန်းမှ (ပ) ၉/၂၀၁၂ ပုဒ်မ-၃၀၄(က)ဖြင့် အမှုဖွင့်အရေးယူထားပြီး လူတိုက်သွားသည့်ကားအား စုံစမ်းလျက်ရှိသည်။ (၁၁၁)

ပြည်သူ့ထံမှ ပေးစာများ

စည်းကမ်းမဲ့ကျူးကျော်ဈေးရောင်းချမှု အမြန်ရှင်းစေလို

စာတည်းခင်ဗျား-

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အနော်ရထာလမ်းနှင့် ရွှေတောင်တန်းလမ်းထောင့် တိုက်လှေကားအောက်တွင် ဖွင့်လှစ်ထားသော ဈေးဆိုင်သည် လှေကားဝင်ထွက်ပေါက်တွင် တက်ဆင်းမရအောင် ပစ္စည်းများ ခင်းကျင်းပိတ်ဆို့ထားသောကြောင့် အတက်အဆင်းပြုလုပ်သူများမှ နေ့စဉ်အခက်အခဲ ကြုံတွေ့နေရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

တိုက်ခန်းနေသူများ

လေထုညစ်ညမ်းနေ၍ ကျန်းမာရေးထိခိုက်

စာတည်းရှင့်-

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ရွာလွတ်ရွာရပ်ကွက်(၆)ရှိ ဟာလာစက်လုပ်ငန်းနှင့် ရေသန့်စက်၊ ရေခဲစက်လုပ်ငန်းတို့မှ လေထုညစ်ညမ်းစေခြင်း၊ အသံများဆူညံခြင်း၊ အမှုန်များကို ရှူရှိုက်နေရခြင်းကြောင့် ရပ်ကွက်(၆)ရှိ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၏ ကျန်းမာရေးကို ထိခိုက်စေသဖြင့် အမြန်ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရွာလွတ်ရွာသားများ

အမှိုက်စွန့်ပစ်မှု ဖယ်ရှားရှင်းလင်းစေချင်

စာတည်းခင်ဗျား-

မော်လမြိုင်မြို့ ကွင်းရပ်ရပ်ကွက် ဈေးကြို ကျိုက္ခမီလမ်း မီးပွိုင့်အနီး စူပါကော်ဖီမစ်ဆိုင်းဘုတ်ကြီးအောက်တွင် ဈေးဆိုင်များ၏ နေ့စဉ်အမှိုက်အညစ်အကြေးများ စည်းကမ်းမဲ့စွန့်ပစ်ခြင်း၊ အမှိုက်အညစ်ကြေးများမှ အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်ရှိနေထိုင်သူများ ကျန်းမာရေးထိခိုက်ခြင်း၊ အမှိုက်စွန့်ပစ်မှုကြောင့် ဆိုင်းဘုတ်တိုင်အောင်ခြေတွင် မြေကြွက်ကြီးများ၊ ကြွက်တွင်းပေါက်များ တူးထားခြင်းကြောင့် လေပြင်းထန်စွာတိုက်ခတ်ပါက ဆိုင်းဘုတ်ပြိုလဲကျနိုင်ဖွယ်ရှိပြီး အလွန်အန္တရာယ်ကြီးမားသည့်အတွက် အမြန်ဆုံးအမှိုက်စွန့်ပစ်ခြင်းနှင့် တိုင်ရွှေ့ပြောင်းပေးပါရန် စာတည်းမှတစ်ဆင့် တင်ပြလိုက်ပါသည်။

ရပ်ကွက်သူ/ရပ်ကွက်သားများ

ဖြေရှင်းဆောင်ရွက်ပြီးစီးခြင်း

၉-၁-၂၀၁၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာပေးစာကဏ္ဍ၌ ဖော်ပြ ပါရှိသည့် မိတ္ထီလာမြို့ ဝန်ဇင်းရပ်ကွက် နယ်မြေ(၁၃) အောင်ချမ်းသာလမ်းထိပ်ရှိ အမှုန့်ကြိတ်စက်သံ နားမခံသာ၊ အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက် ပေးစာအား ဆောင်ရွက်ပြီးစီးပြီဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

အားကစား

ဇေကဘာမြန်မာအိုးပင်းတွင် အကြီးတန်းချန်ပီယံဟောင်းများ ပါဝင်လက်စွမ်းပြကြမည်

ရန်ကုန် ဇန်နဝါရီ ၂၂

လာမည့်လတွင် Air Bagan Ltd. က Presenting Sponsor အဖြစ် ဆောင်ရွက်မည့် Zaykabar Myanmar Open ဂေါက်ပြိုင်ပွဲတွင် အကြီးတန်းချန်ပီယံဟောင်းများဖြစ်ကြသော ထိုင်းနိုင်ငံမှ Boonchu Ruangkit နှင့် ဖိလစ်ပိုင်မှ Frankie Minoza တို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

Boonchu(၅၅)နှစ်နှင့် Minoza (၅၃)နှစ်တို့သည် တစ်ချိန်က အစွမ်းပြခဲ့ကြသလို ယခုတစ်ဖန် ယှဉ်ပြိုင်ရင်း ထိုစဉ်က ကိုရီးယားမှ Choi Sang-ho တင်ခဲ့သည့် စံချိန်ကို ချိုးနိုင်မည်ဟုလည်း မျှော်လင့်ထားကြသည်။ Choi Sang-ho သည် ၂၀၀၅ ခုနှစ် Maekyung Open တွင် အနိုင်ရရှိစဉ်က သူ၏ အသက်မှာ(၅၀)နှင့် ၁၄၅ ရက်ဖြစ်ကာ Asian Tour ၏ အသက်အကြီးဆုံး ဗိုလ်စွဲသူဖြစ်ခဲ့သည်။

၎င်းတို့နှစ်ဦးသည် ယခု Royal Mingaladon Golf & Country Club တွင် ကျင်းပမည့် ဆုကြေးငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၀၀၀၀၀ တန်ပွဲတွင် ယခု လောလောဆယ် Order of Merit ချန်ပီယံ Juvic Pagunson (ဖိလစ်ပိုင်)နှင့် ချန်ပီယံ Tetsuji Hiratsuka (ဂျပန်)တို့နှင့်အတူ ယှဉ်ပြိုင်မည်ဖြစ်သည်။

ပွဲများစွာ အနိုင်ရရှိထားသော ဂျပန်နိုင်ငံမှ Yuta Ikeda၊ ဆွီဒင်နိုင်ငံမှ Rikard Karlberg(၂၀၁၀ Asian Tour Rookie of the Year)နှင့် ဖိလစ်ပိုင်နိုင်ငံမှ Angelo Que တို့လည်း တစ်နှစ်တာမျှ Asian Tour နှင့် အဆက်ပြတ်ခဲ့ပြီးနောက် ယခုတစ်ဖန် ပါဝင်လာခြင်းဖြစ်သည်။

Boonchu သည် ၁၉၉၇ ခုနှစ် Myanmar Open တွင် အနိုင်ရရှိပြီးနောက် ၂၀၁၀ ပြည့်နှစ် ပွဲစဉ်ရာသီတွင် European Senior Tour ပွဲပေါင်း လေးပွဲအထိ အနိုင်ရရှိကာ Order of Merit သရဖူဆောင်းနိုင်ခဲ့သူလည်းဖြစ်သည်။ Senior Tour ပွဲများတွင် အနိုင်ရရှိခြင်းကြောင့် သူသည် Asian Tour ၏ Special Achievement Award ဆုလည်း ရရှိခဲ့သည်။ ယမန်နှစ်က Boonchu သည် Asian Tour ပွဲစဉ်သုံးပွဲ ယှဉ်ပြိုင်ခဲ့ရာ Hero Indian Open တွင် အဆင့်(၆)ရရှိခဲ့သည်။ ယခု Zaykabar Myanmar Open သို့ရောက်ကာ လက်ရည်စမ်းဦးမည့် Boonchu သည် ၂၀၀၅ ခုနှစ်က ပူးတွဲအဆင့်(၈)ရရှိ၍ ၂၀၁၀ ပြည့်နှစ်က ပူးတွဲ ၂၈ ရရှိခဲ့သည်။

၁၉၈၀ ပြည့်နှစ်၏ အစောပိုင်းနှစ်များကတည်းက အနိုင်ပွဲများကို ယှဉ်ပြိုင်ကစားနိုင်ခဲ့သူ Minoza သည် အာရှ၏ ထင်ရှားသော သက်ကြီးတန်း ဂေါက်သီးသမားတစ်ဦးလည်းဖြစ်သည်။ ၂၀၀၇ ခုနှစ်ကလည်း Asian Tour နှင့် Japan Golf Tour တွင် အနိုင်ရရှိကာ လက်စွမ်းပြနိုင်ခဲ့သည်။

ဂျပန်ဂေါက်သီးသမားများထဲတွင် ပြည်တွင်းပွဲ ကိုးကြိမ်အနိုင်ရရှိထားသူ Ikeda သည်လည်း Zaykabar Myanmar Open Presented by Air Bagan ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ သူသည် တစ်နိုင်ငံတည်းသားဖြစ်သူ Hiartsuka အောင်မြင်မှုရရှိခဲ့သည်ကို အတုယူအားကျရင်း မြန်မာနိုင်ငံတွင် ပထမဆုံးအောင်ပွဲတစ်ရပ် ဆင်နွှဲနိုင်ရန် လမ်းစရှာလျက်ရှိသည်။

ဤပွဲသည် ဆုကြေးငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၀၀၀၀၀ ချီးမြှင့်မည့် Asian Tour ပွဲစဉ်ဖြစ်သည်။ ဤပွဲကို Asian Tour နှင့် မြန်မာပီဂျီအေ (Myanmar Professional Golfers Association) တို့၏ ကြီးကြပ်မှုဖြင့် အဆင့်မြင့် Royal Mingaladon Golf & Country Club တွင် ဖေဖော်ဝါရီ ၂ ရက်မှ ၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ယခုကဲ့သို့ Myanmar's National Championship ပွဲသည် Asian Tour ၏ ပွဲစဉ်အဖြစ် မကျင်းပနိုင်ခဲ့သည်မှာ တစ်နှစ်မျှကြာရှိခဲ့ပြီဖြစ်သည်။ ယခုပွဲစဉ်မျိုးကို ၁၉၉၆ ခုနှစ်တွင် စတင်ကျင်းပခဲ့ရာ နာမည်ကျော် ချန်ပီယံများ ပေါ်ထွက်ခဲ့ သည်။ ယင်းတို့တွင် Asian Tour Order of Merit Winner အဖြစ် သုံးကြိမ်ရရှိခဲ့သူ Thongchai Jaidee(ထိုင်း)၊ Boonchu Ruangkit(ထိုင်း)၊ Authong Kang(အမေရိက)၊ James Kingston(တောင်အာဖရိက)၊ Lin Keng-chi(တရုတ်-တိုင်ပေ)နှင့် Tetsuji Hiratsuka (ဂျပန်)တို့ ပါဝင်သည်။ (ဦးကျော်-သတင်းစဉ်)

သတင်းနှင့်ဓာတ်ပုံ ရှိုင်းထက်ဇော်

မနောမြေ တိုက် စစ် မှူး သန်း ဇော် လင်း Southern နောက်ခံလူများကြားမှ ဂိုးသွင်းရန် ကြိုးပမ်းစဉ်။

Southern ကို မနောမြေ ဂိုးပြတ်သွင်း

ရန်ကုန် ဇန်နဝါရီ ၂၂

MNL Myanmar 2012 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ပွဲစဉ်(၃) ဒုတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ပဒုမ္မာကွင်း၊ ဗထူးကွင်းနှင့် NPT ကွင်းတို့၌ ဆက်လက်ကျင်းပသည်။

(ပဒုမ္မာကွင်း)

မနောမြေအသင်း - လေးဂိုး
(သန်းဇော်လင်း-နှစ်ဂိုး၊ ကမ်ဘူးနှင့်စံမျိုးဦး)
Southern Myanmar - ဂိုးမရှိ

ကမ်ဘူး၊ အက်စလေနှင့် မန်ဆာတို့ ရောက်လာပြီးနောက်ပိုင်း ခြေစွမ်းပိုင်း သိသိသာသာတက်လာသည့် မနောမြေအသင်းမှာ ယခုပွဲတွင် ခြေစွမ်းပြအနိုင်ယူကာ ဂိုးပြတ်နိုင်ပွဲရရှိခဲ့သည်။ Southern အသင်းမှာပုံမှန်ခြေစွမ်းပျောက်ဆုံးနေပြီး ခံစစ်ပိုင်း အမှားအယွင်းများခဲ့သောကြောင့် ဒုတိယမြောက်ရှုံးပွဲနှင့် ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ မနောမြေအသင်းအတွက် အနိုင်ဂိုးများကို၃၉ မိနစ်နှင့် ၆၅ မိနစ်တို့တွင် သန်းဇော်လင်း၊ သုံးမိနစ်တွင် ကမ်ဘူးနှင့် ၄၄ မိနစ်တွင် စံမျိုးဦးတို့က သွင်းယူခဲ့သည်။

(ဗထူးကွင်း)

ရတနာပုံ - တစ်ဂိုး
(ဒွေးကိုကိုချစ်)
မောရဝတီ - ဂိုးမရှိ

(NPT ကွင်း)

နေပြည်တော် - သုံးဂိုး
(လီအန်ဒရိုနှင့် စထက်နိုင်ဝင်း၊ ဇွဲကပင်မှ အိုမီလီ ကိုယ့်ဂိုးကိုယ်သွင်း)
ဇွဲကပင်ယူနိုက်တက် - ဂိုးမရှိ

မပြီးဆုံးနိုင်သေးသည့် တီဗက်ဇ်၏ အပြောင်းအရွှေ့ဇာတ်လမ်းကို ပီအက်စ်ဂျီအသင်း အဆုံးသတ်ပေးတော့မည်

ပါရီ ဇန်နဝါရီ ၂၂

နည်းပြသစ် အန်ဆယ်လော့တီ ကိုင်တွယ်နေသည့် ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းသည် မပြီးဆုံးနိုင်သေးသည့် တီဗက်ဇ်၏ အပြောင်းအရွှေ့ဇာတ်လမ်းကို အဆုံးသတ်နိုင်ရန်အတွက် တီဗက်ဇ်၏အေးဂျင့်ဖြစ်သူ ဂျော်ရတ်ချီယန်နှင့် ဆွေးနွေးခဲ့ပြီး အပြောင်းအရွှေ့ကိစ္စအတွက် သဘောတူညီမှု ရယူနိုင်ခဲ့သည်။

ယင်းသဘောတူညီချက်အရ တီဗက်ဇ်သည် သုံးနှစ်ခွဲစာချုပ်သက်တမ်းအတွက် ပေါင် ၄၃ သန်းရရှိမည်ဖြစ်ပြီး မန်စီးတီးအသင်းသည်လည်း ၎င်း၏ အပြောင်းအရွှေ့မှ ပေါင် ၃၁ သန်းရရှိမည်ဖြစ်သည်။

ထို့ကြောင့် ပီအက်စ်ဂျီအသင်းသည် တီဗက်ဇ်ကို ခေါ်ယူနိုင်ရေးအတွက် ပေါင် ၇၄ သန်းကုန်ကျမည်ဖြစ်၍ ၎င်းကို ခေါ်ယူရန်စိတ်ဝင်စားနေသည့် အီတလီကလပ်နှစ်သင်းဖြစ်သည့် အင်တာမီလန်နှင့် အေစီမီလန်တို့ထက် ငွေကို အပြတ်အသတ် သာလွန်သုံးစွဲနိုင်ခဲ့သဖြင့် မီလန်နှစ်သင်းကို နောက်ကောက်ချနိုင်ခဲ့သည်။

သို့သော် သက်ဆိုင်ရာ အသင်းနှစ်သင်းစလုံး သဘောတူညီမှုရယူနိုင်ခဲ့သော်လည်း အပြောင်းအရွှေ့ကိစ္စ အထမြောက်ရန်မှာ ကာယကံရှင် တီဗက်ဇ်**(အပေါ်ပုံ)**အပေါ်တွင်သာ တည်မှီနေသည်။ အကယ်၍ တီဗက်ဇ်သာ ခေါင်းညိတ် လက်ခံခဲ့ပါက အပြောင်းအရွှေ့မှာ ပြီးပြတ်သွားနိုင်ဖွယ်ရှိသည်။ **(ဟိန်းထက်လင်း)**

တစ်ချက်တည်းကျင်းဝင်

နေပြည်တော် ဇန်နဝါရီ ၂၂

သတ္တုတွင်းဝန်ကြီးဌာနမှ ဒုတိယအထွေထွေမန်နေဂျာ ဦးခင်ဖေသည် ကစားဖော်များဖြစ်ကြသော ဦးဦးကျော်၊ ဦးဖုန်းမြင့်တို့နှင့်အတူ နေပြည်တော်မြို့တော်ဂေါက်ကွင်း၌ ဇန်နဝါရီ ၁၇ ရက်က ဂေါက်သီးရိုက်ကစားစဉ် ၁၆၆ ကိုက်အကွာမှ Honma တုတ်ဖြင့် Srixon Z Star No.1 ဂေါက်သီးအားရိုက်လိုက်ရာ ကျင်းအမှတ်(၃)သို့ တစ်ချက်တည်း ကျင်းဝင်သွားကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကျောက်တံခါးမြို့နယ် အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၂

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲများကို ဇန်နဝါရီ ၂၁ ရက်တွင် ကျောက်တံခါးမြို့နယ် အားကစားကွင်း၌ ဆက်လက်ကျင်းပရာ ဂနတ်အသင်းက ကွင်းနောက်အသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ယှဉ်ပြိုင်ကစားခဲ့

ဇန်နဝါရီ ၂၂ ရက်တွင် တောင်ခင်အသင်းနှင့် ဗောဓိကွင်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဂိုးသွင်းစွမ်းရည် မကျသေးသည့် ရော်ဘီကင်းကို ဗီလာနည်းပြ မက်လစ်အပြီးသတ် ခေါ်ယူလို

လန်ဒန် ဇန်နဝါရီ ၂၂

အက်စတွန်ဗီလာနည်းပြ အဲလက်စ်မက်လစ်သည် ဇန်နဝါရီ ၂၁ ရက်က ဝုဗ်ဟာဟမ်တန်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်အတွင်း နှစ်ဂိုးသွင်းယူနိုင်ခဲ့သည့် ရော်ဘီကင်း**(အပေါ်ပုံ)**ကို အပြီးသတ်ခေါ်ယူလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ရော်ဘီကင်းသည် မေဂျာလိဂ်ကလပ် အယ်လ်အေဂလက်ဆီအသင်းမှ အက်စတွန်ဗီလာအသင်းသို့ အငှားစာချုပ်ဖြင့် ရောက်ရှိနေသူဖြစ်သည်။ သို့သော် ၎င်းသည် အဝေးကွင်းရလဒ်ဆိုးရွားနေသည့် ဗီလာအသင်းအတွက် အနိုင်သေချာစေမည့် ဂိုးနှစ်ဂိုးသွင်းယူပေးခဲ့သဖြင့် ၎င်းအား ဗီလာနည်းပြ မက်လစ်က အပြီးသတ် ခေါ်ယူလိုခြင်းဖြစ်သည်။

မက်လစ်က မိမိတို့အနေဖြင့် ရော်ဘီကင်း၏ လက်ရှိခြေစွမ်းကို အားရမိကြောင်း၊ အကယ်၍ ၎င်းသာ ပရီမီယာလိဂ်သို့ အပြီးပြန်လာမည်ဆိုပါက မိမိတို့အနေဖြင့် တံခါးဖွင့်ကြိုဆိုရန် ဝန်လေးနေမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။ **(ဟိန်းထက်လင်း)**

မန်စီးတီးနှင့် ချယ်လ်ဆီးတို့၏ ကမ်းလှမ်းမှုကိုပယ်ဖျက်ကာ ဘရာဇီးတွင်သာ ဆက်လက်ကစားရန် ကတိပေးခဲ့သည့် နေမာ

ရီယိုဒီဂျနေရိုး ဇန်နဝါရီ ၂၂

ဘရာဇီးကြယ်ပွင့် နေမာ(ယာပုံ)**သည် ချယ်လ်ဆီးအသင်းနှင့် မန်ချက်စတာစီးတီးအသင်းတို့က စိတ်ဝင်စားမှုများရှိသော်လည်း ၎င်း၏ဇာတိမြေဖြစ်သည့် ဘရာဇီး၌ ၂၀၁၄ ခုနှစ် ဇူလိုင်လအထိ ဆက်လက်ကစားဦးမည်ဟု ကတိပေးလိုက်ကြောင်း ဇန်နဝါရီ ၂၁ ရက် အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။**

ဖေဖော်ဝါရီ ၂၀ ရက်တွင် (၁၉)နှစ်ပြည့်မည့် တိုက်စစ်မှူးနေမာသည် ၎င်း၏ အသင်းဆန်းတို့စ်နှင့် ဘရာဇီးနိုင်ငံအသင်းအတွက် ၎င်းဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်များတွင်လည်း သဘောကျနှစ်ခြိုက်မှုများရှိခဲ့သည်။

ဘရာဇီးကလပ် ဆန်းတို့စ်အသင်းနှင့် အတူကစားရန် ဆန္ဒရှိနေဆဲဖြစ်ကြောင်းနှင့် စာချုပ်သက်တမ်းမှာလည်း ၂၀၁၄ ခုနှစ်အထိ ချုပ်ဆိုထားခဲ့ခြင်းကြောင့် ၂၀၁၄ ခုနှစ်အထိ ဆက်လက်ကစားရန် ရည်ရွယ်ထားကြောင်း အမေရိကတွင် ပြုလုပ်ခဲ့သော ဆုပေးပွဲတစ်ခုတွင် အကောင်းဆုံးကစားသမားအဖြစ် ရွေးချယ်ခံခဲ့ရသည့် တိုက်စစ်မှူးနေမာက ပြောကြားခဲ့သည်။

နေမာသည် ၎င်း၏ ဘောလုံးသမားသက်တမ်းတွင် ၁၅၉ ပွဲကစားပြီး ဂိုးပေါင်း ၈၁ ဂိုးဖြင့် စံချိန်တင်ခဲ့ခြင်းက ချယ်လ်ဆီးအသင်းနှင့် မန်ချက်စတာစီးတီးအသင်းတို့အား ၎င်းတို့၏ ကစားသမားထပ်မံခေါ်ယူရေးတွင် နေမာအား ခေါ်ယူရန် စောင့်စားလျက်ရှိခြင်းကို ဖြစ်စေခဲ့သည်ဟု ဆိုသည်။

ဘရာဇီးတွင် ကျင်းပမည့် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲပြီး နောက်ပိုင်းတွင် ဥရောပ၌ ကစားရန် ဆန္ဒရှိ၊ မရှိနှင့် စပ်လျဉ်း၍ မေးမြန်းခဲ့ရာတွင် ယင်းအချက်မှာ မသေချာကြောင်းနှင့် ဥရောပသို့ သွားရောက်ကစားမည့် စိတ်ကူးအိပ်မက်နှင့်ပတ်သက်၍ တစ်ဦးတစ်ယောက်မျှ မသိရှိကြကြောင်း နေမာက ပြောကြားခဲ့သည်။ **(နိုင်လင်းကြည်)**

ကာဟေးလ် ချယ်လ်ဆီးသို့ရောက်ရှိလာခြင်းမှာ တယ်ရီနေရာတွင် အစားထိုးရန်မဟုတ်ဟုဆို

လန်ဒန် ဇန်နဝါရီ ၂၂

ပြီးခဲ့သည့် သီတင်းပတ်က ဘော်လ်တန်အသင်းမှ ပြောင်းရွှေ့ကြေး ပေါင် ခုနစ်သန်းဖြင့် ချယ်လ်ဆီးအသင်းသို့ ရောက်ရှိလာခဲ့သော ဂါရီကာဟေးလ်သည် ချယ်လ်ဆီးနှင့် အင်္ဂလန်အသင်းခေါင်းဆောင် ဂျွန်တယ်ရီ၏နေရာတွင် အစားထိုးကစားရန်အတွက် စတမ်းဖို့ဒ်ဘရစ်ချ်သို့ ရောက်ရှိလာခဲ့ခြင်းမဟုတ်ကြောင်း ဂါရီကာဟေးလ်က အခိုင်အမာ ပြောကြားလိုက်သည်။

အသက် (၂၆) နှစ်အရွယ်ရှိ နောက်ခံကစားသမားကာဟေးလ်သည် ချယ်လ်ဆီးအသင်း၏ နောက်တန်းတွင် ဂျွန်တယ်ရီနှင့်အတူ တွဲဖက်ကစားသွားမည်ဖြစ်ကြောင်းနှင့် ဒေးဗစ်လူးဝစ်၊ ဂျွန်တယ်ရီ၊ အက်ရှ်လေကိုးလ် စသည့် ကမ္ဘာ့အဆင့်ရှိ ကစားသမားများနှင့် တွဲဖက်ကစားရသည်ကို နှစ်သက်မိကြောင်း ပြောကြားခဲ့သည်။

ပုံမှန်ခြေစွမ်းဖြင့် ဂျွန်တယ်ရီတို့နှင့်အတူ ကစားခြင်းက ၎င်း၏ ဘောလုံးသမားဘဝ တိုးတက်မှုရှိလာမည်ဖြစ်ကြောင်း၊ အသင်းအတွက်လည်း ကြီးမားသည့် အထောက်အပံ့ဖြစ်လာမည်ဟုလည်း ကာဟေးလ်က ယုံကြည်ထားကြောင်းနှင့် မိမိ၏ဘယ်ခြေကိုလည်း မည်သို့အသုံးချ၍ ယခုထက်ပိုမိုကစားနိုင်ရန်လည်း ၎င်းတို့ထံမှ သင်ယူရရှိနိုင်ကြောင်း ကာဟေးလ်က ပြောကြားခဲ့သည်။

(နိုင်လင်းကြည်)

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
နေပြည်တော်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ မြန်မာစာဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
သိမှတ်ဖွယ်ရာ မြန်မာစာဘာသာ

မင်္ဂလာပါတပည့်တို့-

ဒီကနေ့ပို့ချမှာကတော့ တက္ကသိုလ်ဝင်စာမေးပွဲအတွက် "မြန်မာစာမေးခွန်းလွှာ" ဆိုင်ရာ သိမှတ်ဖွယ်ရာများ ဖြစ်ပါတယ်။ ဒီပို့ချချက်ဟာ ပြဋ္ဌာန်းစာတွေကို လေ့လာကျက်မှတ်ပြီး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသူ၊ ကျောင်းသားများအတွက် အထောက်အကူပြုဖို့ ရည်ရွယ်ပါတယ်။

တက္ကသိုလ်ဝင်မြန်မာစာမှာ ပြဋ္ဌာန်းစာအုပ်(၄)အုပ် ပြဋ္ဌာန်းထားပါတယ်။ အဲဒီစာအုပ်တွေကတော့ မြန်မာသဒ္ဒါ အတွဲ(၂) အခန်း(၆)၊ မြန်မာစကားပြေလက်ရွေးစင်၊ မြန်မာကဗျာလက်ရွေးစင်နဲ့ ရေသည်ပြဇာတ်တို့ဖြစ်ပါတယ်။ ပထမအနေနဲ့ စာမေးပွဲဖြေဆိုမယ့် ကျောင်းသူ၊ ကျောင်းသားများဟာ မြန်မာစာ မေးခွန်းပုံစံကို လေ့လာသိရှိထားဖို့ လိုအပ်ပါတယ်။ မြန်မာစာမေးခွန်းဟာ (၃)နာရီမေးခွန်း ဖြစ်ပါတယ်။ ဒီမေးခွန်းမှာ မေးခွန်းကြီး(၆)ပုဒ် မေးထားပါတယ်။ သဒ္ဒါ(၁)ပုဒ်၊ ဝေါဟာရ အလင်္ကာ (၁)ပုဒ်၊ ကဗျာခမ္ဘမိဋ္ဌာန်နဲ့ ကဗျာ မေးခွန်းရှည်(၁)ပုဒ်၊ စကားပြေခမ္ဘမိဋ္ဌာန်နဲ့ စကားပြေမေးခွန်းရှည် (၁)ပုဒ်၊ ပြဇာတ်မေးခွန်း(၁)ပုဒ်၊ စာစီစာကုံး မေးခွန်း(၁)ပုဒ်တို့ ဖြစ်ပါတယ်။ အဲ့ဒီမေးခွန်း(၁)ပုဒ်စီမှာ မေးခွန်းပုဒ်ခွဲများပါဝင်မှာဖြစ်ပါတယ်။ မေးခွန်း(၁)ကတော့ မြန်မာသဒ္ဒါ ပြဋ္ဌာန်းစာ အတွဲ(၂) အခန်း(၆)ကို အခြေခံထားတဲ့မေးခွန်းဖြစ်ပါတယ်။ (က)၊ (ခ)၊ (ဂ) ဆိုပြီး မေးခွန်းပုဒ်ခွဲ (၃)ခုခွဲပြီး မေးထားတယ်။

ပုဒ်ခွဲ(က)မှာ မြန်မာစကားဆိုင်ရာသိမှတ်ဖွယ်ရာအခန်းများပါတဲ့ မေးခွန်း(၅)ခု မေးထားပြီးတော့ (၁) ခု ဖြေရမှာဖြစ်ပါတယ်။ ဒီမေးခွန်းမှာ အုတ်ခွက်စာ၊ မင်စာစတဲ့ စာအမျိုးမျိုး၊ ဗကွဲပြောင်းလဲပုံ၊ နငယ်ပြောင်းလဲပုံ၊ အ ပြောင်းလဲပုံ၊ အစရှိတဲ့ အက္ခရာပုံသဏ္ဌာန် ပြောင်းလဲပုံတွေ၊ ဒီနေရာမှာ ပေစာ၊ ပုရပိုက်စာတို့၊ ဗကွဲပြောင်းလဲပုံတို့ ဖြေရင် ကျက်ထားသမျှကို အစီအစဉ်တကျ ရေးပြရမှာဖြစ်ပါတယ်။ သာဓကအနေနဲ့ ပေစာ၊ ပုရပိုက်စာကို ဖြေမယ် ဆိုကြပါစို့။ ပေစာ၊ ပုရပိုက်စာတို့ကို စာရေးကိရိယာအဖြစ် ပုဂံခေတ်ကပင် စတင်အသုံးပြုခဲ့ကြမယ်လို့ ယုံကြည်ရတယ်။ သို့သော် နှစ်ကာလ အလွန်ကြာညောင်းပြီဖြစ်လို့ ထိုခေတ်က ပေ၊ ပုရပိုက်တို့ကို တွေ့နိုင်ရန် မလွယ်ကူတော့ချေ။ အစောဆုံးအနေနှင့် မြန်မာသက္ကရာဇ် ၁၀၀၀ ခန့် (အေဒီ ၁၇ ရာစု)က ရေးခဲ့သည့် ပေများကို တွေ့နိုင်တယ်။ ဒါ့ကြောင့် သက္ကရာဇ် ၁၀၀၀မှ ယနေ့ ၁၃၀၀ ကျော်အတွင်း ရေးသားခဲ့တဲ့ အက္ခရာတို့ရဲ့ ပုံသဏ္ဌာန်ကို ထိုပုရပိုက်များတွင်လည်း တွေ့နိုင်တယ်ဆိုတဲ့အချက်တွေကို ပြည့်ပြည့်စုံစုံ ဖြေဆိုရမှာဖြစ်တယ်။

ဒီလိုပဲ နာမ်ကိုဖြေရင် နာမ်ရဲ့ အဓိပ္ပာယ်တွေကို ဖွင့်ပြရပါမယ်။ သက်ရှိ၊ သက်မဲ့၊ ဒြပ်ရှိ၊ ဒြပ်မဲ့တို့၏ အမည်ဟူသမျှကို နာမ်လို့ခေါ်တယ်။ အနက်အဓိပ္ပာယ်အရ နာမ်(၄)မျိုးနှင့် ဖွဲ့စည်းတည်ဆောက်ပုံအရ နာမ်(၄)မျိုး ရှိတယ်။ ပြီးတော့ အနက်အဓိပ္ပာယ်အရ နာမ်(၄)မျိုးကို အမျိုးအစားတစ်ခုချင်းကို သာဓကနှင့်တကွ ဖော်ပြပေးရပါမယ်။ ဖွဲ့စည်းတည်ဆောက်ပုံအရ နာမ်(၄)မျိုးကိုလည်း အမျိုးအစားတစ်ခုချင်းကို သာဓကနှင့်တကွ ဖော်ပြပေးရပါမယ်။

အဲ့ဒီလို သာဓကတွေနဲ့ ပြည့်ပြည့်စုံစုံ မှန်မှန်ကန်ကန် ဖြေဆိုရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လိုအပ်တဲ့နေရာတွေမှာ သာဓကဆောင်နိုင်အောင် သာဓကများကိုလည်း ကျက်မှတ်ထားရမှာဖြစ်ပါတယ်။ မေးခွန်း ၁ (ခ)ကတော့ သဒ္ဒါလေ့ကျင့်ခန်းမေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းမှာ မေးခွန်း (၆)ခု မေးပြီးတော့ (၄)ခုကို ဖြေဆိုရမှာဖြစ်ပါတယ်။ ဒီမေးခွန်းကို ဖြေဆိုနိုင်ဖို့အတွက် သဒ္ဒါစာအုပ်ထဲက လေ့ကျင့်ခန်းတွေကို အထပ်ထပ် အခါခါ လေ့ကျင့်ထားဖို့အပြင် မေးခွန်းကိုသေချာဖတ်ပြီး မေးထားတဲ့အတိုင်း အတိအကျဖြေပေးရမယ်။

သာဓကပြရမယ်ဆိုရင် အောက်ပါတို့မှ လေးခုကို ရွေးချယ်၍ မည်သည့်ကြိယာဖြစ်ကြောင်းပေးထားတဲ့ "ရေး၊ ကျက်၊ တည်ရှိ၊ သာယာ၊ စားသောက်၊ ပူဇော်" တို့ကို ဖြေမယ်ဆိုရင် "ရေး"သည် ပြုခြင်းပြကြိယာ၊ "ကျက်"သည် ဖြစ်ခြင်းပြကြိယာ၊ "တည်ရှိ"သည် ရှိခြင်းပြကြိယာ၊ "သာယာ"သည် ဂုဏ်ရည်ပြကြိယာ၊ "စားသောက်"သည် ပေါင်းစပ်ကြိယာ၊"ပူဇော်"သည် ပင်ကိုကြိယာဖြစ်ကြောင်း တိတိကျကျ ဖြေဆိုနိုင်အောင် ကျက်မှတ်လေ့ကျင့်ထားရမှာ ဖြစ်ပါတယ်။

မေးခွန်း ၁ (ဂ)ကတော့ သဒ္ဒါကိုအမှန်တကယ် နားလည်တတ်ကျွမ်းမှုရှိ၊ မရှိ စမ်းသပ်တဲ့ မေးခွန်းဖြစ်တယ်။ ဒီမေးခွန်းမှာ (၅)ခုမေးပြီး (၃)ခု ဖြေရမှာဖြစ်ပါတယ်။ များသောအားဖြင့် သဒ္ဒါအမျိုးအစားတွေ ပေးထားပြီးတော့ ဝါကျဖွဲ့ခိုင်းလေ့ရှိပါတယ်။

"ကဲ့သို့" ဆိုတဲ့ ဥပမာပစ္စည်းကို ဝါကျဖွဲ့ခိုင်းရင် "မောင်မောင်ကဲ့သို့ မောင်လှလည်း စာတော်သည်။"လို့ ဝါကျဖွဲ့ရမှာဖြစ်ပါတယ်။ ဒီနေရာမှာ "မောင်မောင် စာကြိုးစားသကဲ့သို့ မောင်လှလည်း စာကြိုးစားသည်" ဆိုရင် မှားပါတယ်။ "ကဲ့သို့" ကို "သကဲ့သို့" အဖြစ် ပြောင်းလဲမရေးရပါ။ "အတိုင်း" ဆိုတဲ့ ဥပမာပစ္စည်းကိုလည်း "မောင်မောင် ပြောသည့်အတိုင်း မောင်လှလုပ်သည်။" ဆိုရင်မှားပါတယ်။ "အတိုင်း"ကို "ပြော" ကြိယာနဲ့ တွဲသုံးထားလို့ နာမ်ပစ္စည်းမဟုတ်တဲ့အတွက် မှားပါတယ်။ "မောင်မောင်အတိုင်း မောင်လှလည်း စာကြိုးစားသည်" ဆိုတဲ့ ဝါကျမှ မှန်ပါတယ်။ ဝါကျဖွဲ့တဲ့အခါမှာ ဝါကျတွေမှန်ဖို့ လိုပါတယ်။ ပုဒ်ခွဲ(ခ)နဲ့ ပုဒ်ခွဲ(ဂ) မေးခွန်းတွေကို မှန်မှန်ကန်ကန် ဖြေဆိုနိုင်ဖို့အတွက် သဒ္ဒါလေ့ကျင့်ခန်းတွေကို ကျေညက်နေရမှာ ဖြစ်ပါတယ်။

မေးခွန်း(၂)ကတော့ စကားပြေ၊ ကဗျာနဲ့ ပြဇာတ်ဆိုတဲ့ ပြဋ္ဌာန်းစာတွေထဲက ဝေါဟာရတွေ၊ အလင်္ကာတွေကို ထုတ်နုတ်ပြီး မေးမှာဖြစ်ပါတယ်။ ၂ (က)မှာ စာသုံးပေသုံး ရှေးသုံးဝေါဟာရတွေကို အဓိပ္ပာယ်ဖွင့်ခိုင်းပါတယ်။ ဒီမေးခွန်းမှာ (၈)ခု ပေးထားပြီး (၅)ခု ဖြေရမှာဖြစ်ပါတယ်။ ဖြေဆိုတဲ့အခါမှာ ပြဋ္ဌာန်းစာပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုဖို့ လိုအပ်ပါတယ်။ အဓိပ္ပာယ်ဖွင့်ပုံတိကျဖို့လည်း လိုအပ်ပါတယ်။ ဝေါဟာရရဲ့ သဒ္ဒါအမျိုးအစားနဲ့ ကိုက်ညီတဲ့ အဓိပ္ပာယ်ဖြစ်ဖို့လည်း လိုအပ်ပါတယ်။ ဒီမေးခွန်းအတွက် ပြဋ္ဌာန်းစာအုပ်တွေထဲက ခက်ဆစ်အဓိပ္ပာယ်တွေကို သေသေချာချာ ကျက်ထားရင် လုံလောက်နိုင်ပါတယ်။

သာဓကအနေနဲ့ မေးခွန်းတစ်ခု ဖြေပြပါမယ်။ "နံ့ရှား" ဆိုတဲ့ ဝေါဟာရကို အနက်ဖွင့်မယ်ဆိုရင် ပြဋ္ဌာန်းစာမှာ ပါတဲ့အတိုင်း "ရနံ့မွှေးကြိုင်သည်" ဆိုပြီးတော့ဖွင့်ရပါမယ်။ "နံ့ရှား" သည် ကြိယာဖြစ်တဲ့အတွက်ကြောင့်မို့လို့ အဖွင့်သည် ကြိယာအနက်ပဲ ဖြစ်ရပါမယ်။ ကိုယ့်အဓိပ္ပာယ်နဲ့ကိုယ် ဖွင့်တာမျိုးတွေ၊ နာမ်အနက်မဟုတ်ဘဲ နာမဝိသေသနအနက်၊ ကြိယာဝိသေသနအနက်စသည်ဖြင့် အနက်ပြောင်း ဖွင့်တာမျိုးတွေ မဖြစ်သင့်ပါဘူး။ ကြိယာအနက်မဖွင့်ဘဲနဲ့ "ရနံ့မွှေးကြိုင်သော" လို့ ဖွင့်လိုက်ရင် နာမဝိသေသနသဘော သက်ရောက်သွားပါမယ်။ ဒါကြောင့်မို့လို့ စာသုံးပေသုံးရှေးသုံး ဝေါဟာရတွေ အနက်ဖွင့်တဲ့အခါမှာ အဓိပ္ပာယ်ရှိဖို့နဲ့ သဒ္ဒါမှန်ကန်ဖို့ အထူးလိုအပ်တယ်ဆိုတာ သတိပြုရပါမယ်။

မေးခွန်း ၂(ခ)မှာတော့ ယနေ့ခေတ်သုံး ဝေါဟာရတွေကို ဝါကျဖွဲ့ခိုင်းတာ ဖြစ်ပါတယ်။ ဒီမေးခွန်းမှာလည်း (၈)ခုမေးပြီးတော့ (၅)ခု ဖြေရမှာဖြစ်ပါတယ်။ ဝါကျဖွဲ့ရာမှာ ပြဋ္ဌာန်းစာမှာသုံးတဲ့ အဓိပ္ပာယ်မျိုးပဲ ဖြစ်ရပါမယ်။ ဝေါဟာရရဲ့ သုံးစွဲပုံအနက်ပေါ်လွင်တဲ့ ဝါကျမျိုးလည်းဖြစ်ရပါမယ်။ ဆိုကြပါစို့ "ထည်ဝါ" ဆိုတဲ့ဝေါဟာရကိုဝါကျဖွဲ့ရင် "မိဖုရားခေါင်ကြီးမယ်နု ဆောက်လုပ်လှူဒါန်းခဲ့သော အုတ်ကျောင်းမှာ "ထည်ဝါ" လှသည်" ဆိုတဲ့ဝါကျမျိုးဖြစ်ရပါမယ်။ "ထည်ဝါဟူသည်မှာ ခံ့ညားကြီးကျယ်သည်" ဆိုတဲ့ဝါကျမျိုး မဖြစ်သင့်ပါဘူး။ ဒီလိုဝါကျမျိုးဆိုလို့ရှိရင် ဝေါဟာရရဲ့ အနက်အဓိပ္ပာယ်နဲ့ ဝါကျဖွဲ့ပုံ မပေါ်လွင်တော့ပါဘူး။ ဝါကျဖွဲ့တဲ့အခါ အဓိပ္ပာယ်ပြည့်စုံဖို့ လိုအပ်ပါတယ်။ "ပန်းလိုမွှေးပါစေ" ဆိုတဲ့ ကတ္တားမပါတဲ့ ဝါကျမျိုးလည်း မဖြစ်သင့်ပါဘူး။

မေးခွန်း ၂ (ဂ) ကတော့ အလင်္ကာမေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းမှာ ဥပမာ၊ ရူပက၊ ဝဏ်ဝုတ္တိ၊ အတိသယဝုတ္တိ၊ မြည်သံစွဲအစရှိတဲ့ အလင်္ကာအမျိုးအမည်တွေကို ဖော်ပြပေးထားပါတယ်။ မေးခွန်း(၈)ခု မေးပြီးတော့ (၅)ခုဖြေဆိုရမှာ ဖြစ်ပါတယ်။ ဖြေဆိုတဲ့အခါမှာ ဒီအလင်္ကာကို ဘယ်ပြဋ္ဌာန်းစာမှာ ဘယ်အကြောင်းနဲ့ ဆက်စပ်သုံးတယ်၊ ဘာ့ကြောင့် ဒီအလင်္ကာမြောက်တယ် ဆိုတာတွေကို ဖြေရမှာဖြစ်ပါတယ်။

ဖြေတဲ့အခါမှာလည်း ဥပမာအလင်္ကာကိုဖြေရင် အနှိုင်းခံနဲ့အနှိုင်းကို ဘယ်လိုခိုင်းနှိုင်း ဖွဲ့ဆိုကြောင်း ရူပက အလင်္ကာကိုဖြေရင် အနှိုင်းခံနဲ့အနှိုင်းကို ဘယ်လိုထပ်တူပြုထားကြောင်း၊ ဝဏ်ဝုတ္တိ အလင်္ကာကိုဖြေရင် ဘယ်လို တိုက်ရိုက်မရေးဘဲ သွယ်ဝိုက်ရေးထားကြောင်း၊ အတိသယဝုတ္တိအလင်္ကာကိုဖြေရင် ဘယ်လိုအလွန်အကြူး ရေးထားကြောင်း၊ မြည်သံစွဲအလင်္ကာဖြေရင် ဘာမြည်သံကို ထည့်သွင်းဖွဲ့ဆိုထားကြောင်းဆိုတဲ့ သက်ဆိုင်ရာ အလင်္ကာရဲ့ သတ်မှတ်အသုံးအနှုန်းတွေကို သုံးစွဲပြီး ရှင်းပြရမှာ ဖြစ်ပါတယ်။

ဒီနေရာမှာ အလင်္ကာတစ်ခုကို သာဓကအနေနဲ့ ဖြေဆိုပြပါမယ်။ "မျက်နှာငွေလ" ဆိုတဲ့ ရူပက အလင်္ကာကို ဖြေမယ်ဆိုရင် ဤအလင်္ကာကို သောနုတ္တရမုဆိုးနှင့် ဆဒ္ဒန်ဆင်မင်းစကားပြေတွင် ဆဒ္ဒန်ဆင်မင်းက မိမိ၏အစွယ်ကို မုဆိုးထံအပ်ပြီး သုဘဒ္ဒါမိဖုရား ဝမ်းမြောက်ပါလေတော့ဟု သောနုတ္တရမုဆိုးမှတစ်ဆင့် မှာကြားပုံနှင့်ဆက်စပ်၍ သုံးထားခြင်း ဖြစ်ပါသည်။ ကြည်လင်ရွှန်းမြ၍ စိတ်နှလုံးကြည်နူးစေတတ်သည့် မျက်နှာ (အနှိုင်းခံ)နှင့် ငွေလ(အနှိုင်း) တို့ကို ဂုဏ်ရည်တူချင်း ထပ်တူပြုဖွဲ့ဆိုထားသောကြောင့် ရူပကအလင်္ကာမြောက်ပါသည်။ လို့ဖြေရပါမယ်။ ဂုဏ်ရည်တူ နာမ်နှစ်ခုကို ထပ်တူပြုဖွဲ့ဆိုထားတာဖြစ်တယ်။ ဒီစကားပြေမှာ ဗာရာဏသီမင်း၏ မိဖုရားသည် သုဘဒ္ဒါ အမည်သာ ဖြစ်တယ်။ စူဠသုဘဒ္ဒါမှာ ဆင်မဘဝက အမည်သာဖြစ်ပါတယ်။

မေးခွန်း(၃)ကတော့ ကဗျာလက်ရွေးစင်ထဲက ကဗျာဆိုင်ရာမေးခွန်းများဖြစ်တယ်။ ပုဒ်ခွဲ(က) မှာ ခမ္ဘမိဋ္ဌာန် မေးခွန်းတွေမေးထားတယ်။ ခမ္ဘမိဋ္ဌာန်မေးခွန်းတွေအတွက် ကဗျာတစ်ပုဒ်ချင်းရဲ့ မိတ်ဆက်မှာပါတဲ့ ကဗျာစာဆို အကြောင်း၊ ကဗျာရေးတဲ့ခေတ်၊ ကဗျာအမျိုးအစား၊ ကဗျာအကြောင်းနဲ့ ကဗျာ့သဘော၊ ကဗျာမှာ ပါတဲ့အချက်အလက်နဲ့ အနက်အဓိပ္ပာယ်၊ ကဗျာနဲ့သက်ဆိုင်တဲ့ ထူးခြားချက်တွေကို လေ့လာကျက်မှတ်ထားဖို့ လိုအပ်ပါတယ်။ ဆိုကြပါစို့။ ရွှေနှင့်ယိုးမှားပန်းစံကားကဗျာကို ပုဂံခေတ်တွင်ရေးခဲ့ကြောင်း၊ ဌာနီပြည်ကြီးက ဖေးသနှင့် ကဗျာအမျိုးအစားမှာ ညည်းချင်းကဗျာဖြစ်ကြောင်း ဆိုတာတွေအပြင် ကဗျာမိတ်ဆက်မှာပါတဲ့ ကာချင်း၊ တျာချင်း၊ ရှစ်ဆယ်ပေါ်အဲ အစရှိတဲ့ ကဗျာအမျိုးအမည်တွေရဲ့ အနက်အဓိပ္ပာယ်များကအစ၊ သိမှတ်ဖွယ်ရာတွေကို မှတ်သားထားဖို့ လိုအပ်ပါတယ်။

မေးခွန်း(၃) ပုဒ်ခွဲ(ခ)ကတော့ ရှင်းလင်းဆွေးနွေးရတဲ့ မေးခွန်းဖြစ်တယ်။ ကဗျာတစ်ပုဒ်ချင်းရဲ့ ရည်ရွယ်ချက်၊ အကြောင်းအရာ၊ အရေးအဖွဲ့နဲ့ ရရှိတဲ့သုတရသတွေကို လေ့လာထားရပါမယ်။

အရေးအကြီးဆုံး အဓိကအချက်ကတော့ ဖြေဆိုရာမှာ မေးခွန်းနဲ့ ဘောင်ဝင်ဖို့ပဲ ဖြစ်ပါတယ်။ ကဗျာပါ အကြောင်းအရာကို တိုက်ရိုက်မေးတာလား၊ ကဗျာစာဆိုက ဘယ်လိုဖွဲ့ထားလဲလို့မေးတာလား၊ ဒီကဗျာနဲ့ ပတ်သက်တဲ့ မိမိရဲ့အတွေးအမြင် ခံစားချက်ကို မေးတာလား စသည်ဖြင့် ကွဲကွဲပြားပြားသိဖို့ လိုအပ်ပါတယ်။

တောင်သူကြီးကဗျာမှ တောင်သူကြီး၏ ဘဝနှင့်စိတ်ဓာတ်ဆိုတဲ့ မေးခွန်းကိုဖြေတဲ့အခါမှာ တောင်သူကြီး၏ စစ်သည်ဘဝ၊ မင်းမှုထမ်းကောင်းဘဝ၊ ယာလယ်လုပ်၍ တောမှာပျော်သည့် တောင်သူကြီးဘဝ၊ စီးပွားရှာတတ်သည့် တောင်သူကြီးဘဝ၊ ကိုယ်တိုင်ချက်ပြုတ်စားသောက်သည့် လူပျိုကြီးဘဝ စသည်ဖြင့် ဘဝမျိုးစုံ ကျင်လည်နေရသူ ဖြစ်ကြောင်း။

စစ်သည်ဘဝတွင် ခွန်အားကြီးမားပြီး ရန်ဟူသမျှကို ချေဖျက်နိုင်သည့် စွမ်းရည်ထက်မြက်သည့် စိတ်ဓာတ်ရှိသူ၊ အရှင်သခင်၏ အမှုတော်ကို ကျေပွန်စွာ ထမ်းဆောင်လိုသည့် မင်းမှုထမ်းကောင်း စိတ်ဓာတ်ရှိသူ၊ မိမိနိုင်ငံကာကွယ်လိုသည့် စိတ်ဓာတ်ရှိသူ၊ အရေးတော်မရှောင် ထမ်းရွက်လိုသည့် နိုင်ငံသားကောင်းစိတ်ဓာတ်ရှိသူ၊ တိုင်းပြည်ငြိမ်းချမ်းသည့် အခါ ယာလယ်လုပ်၍ တောမှာ ပျော်မွေ့လိုသူ။

ကိုယ်တိုင်စိုက်ပျိုး၊ ကိုယ်တိုင်သားငါးရှာ၊ ကိုယ်တိုင်ချက်ပြုတ်လျက် ဖော်ရွေခင်မင်စွာ စေတနာဖြင့် ကျွေးမွေးလိုသည့် စိတ်ဓာတ်ရှိသူ၊ အလုပ်မရွေးထမ်းဆောင်လိုသည့်စိတ်ဓာတ်ဖြင့် ဘဝတွင် ပျော်ပျော်ရွှင်ရွှင် နေထိုင်လိုသည့် စိတ်ဓာတ်ရှိသူဖြစ်ကြောင်း ဘဝနှင့်စိတ်ဓာတ်တို့ကို ကဗျာစာသား အကိုးအကားများဖြင့် ယှဉ်တွဲဖော်ပြ ရေးသားရမှာ ဖြစ်ပါတယ်။

မေးခွန်းမှာပါတဲ့ တောင်သူကြီး၏ ဘဝနှင့်စိတ်ဓာတ် (၂)ပိုင်းလုံးပါအောင် ပြည့်စုံစွာ ဖြေဆိုတတ်ဖို့ အလွန်အရေးကြီးပါတယ်။ အဲဒီလိုမျိုးဖြေဆိုမှသာ ဖြေဆိုပုံ စနစ်ကျပြီး ဦးတည်ချက်မှန်ကန်မှာ ဖြစ်တယ်။

ဒါကြောင့် ကဗျာမေးခွန်းကို သေချာဖတ်ပါ။ အရေးအဖွဲ့ပိုင်းကို ဦးတည်မေးသလား၊ အကြောင်းအရာပိုင်းကို ဦးတည်မေးသလားဆိုတဲ့ မေးခွန်းသဘောကိုသိမှ မှန်ကန်တဲ့ အဖြေ၊ ဂုဏ်ထူးရနိုင်တဲ့ အဖြေမျိုးဖြစ်မှာပါ။ အမေးနဲ့ အဖြေလွဲနေရင်တော့ အောင်မှတ်ရမှာ မဟုတ်ပါဘူး။ ကဗျာဖြေရင် အထူးသတိပြုရမယ့်အချက်ကတော့ သင့်လျော်ရာ ကဗျာစာသား အကိုးအကားများကို ထည့်သွင်းဖြေဆိုဖို့ပဲ ဖြစ်ပါတယ်။

မေးခွန်း(၄)ကိုတော့ မြန်မာစကားပြေလက်ရွေးစင်ထဲက မေးပါမယ်။ မေးခွန်း(၄)မှာ ပုဒ်ခွဲ(က) နဲ့ (ခ)ဆိုပြီး နှစ်ပိုင်းပါဝင်ပါတယ်။ ပုဒ်ခွဲ(က)က ခမ္ဘမိဋ္ဌာန်မေးခွန်း ဖြစ်ပါတယ်။ ဒီနေရာမှာလည်း စကားပြေ တစ်ပုဒ်ချင်းရဲ့ မိတ်ဆက်မှာပါတဲ့ စာရေးသူအကြောင်း၊ စကားပြေအကြောင်း၊ အဲဒီစကားပြေရေးတဲ့ခေတ်၊ ထုတ်နုတ်တဲ့စကားပြေ စာအုပ်အမည် စတဲ့စကားပြေဆိုင်ရာအချက်အလက်တွေကို လေ့လာကျက်မှတ်ထားရပါမယ်။ တိတိကျကျ ဖြေဆိုဖို့လည်း လိုအပ်ပါတယ်။

သာဓကပြရမယ်ဆိုရင် မိဖုရားဖွားစော၏နောက်ဆုံးရလိုသောဆုမှာ "နိဗ္ဗာန်ဆု" ဖြစ်ကြောင်း၊ စီးချင်းတိုက်ပွဲ စကားပြေကို မွန်ဘာသာမှမြန်မာဘာသာသို့ ပြန်ဆိုကြောင်း၊ သိပ္ပံမောင်ဝ၏ အမည်ရင်းမှာ "မောင်စိန်တင်" ဖြစ်ကြောင်း စတဲ့မေးခွန်းတိုအတွက် ဒီအဖြေများဟာ အမှတ်ပြည့်ရတာမို့ လေ့လာကျက်မှတ်ထားကြပါ။ ခမ္ဘမိဋ္ဌာန်ဆိုတာ အဖြေတိကျမှ အမှတ်ရတဲ့ မေးခွန်းမျိုးဖြစ်တယ်ဆိုတာကိုလည်း သတိပြုရပါမယ်။

မေးခွန်း(၄) ပုဒ်ခွဲ(ခ)မှာတော့ ရှင်းလင်းဆွေးနွေးရတဲ့ စကားပြေမေးခွန်းဖြစ်ပါတယ်။ စကားပြေ တစ်ပုဒ်ချင်းရဲ့

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

စာမျက်နှာ ၁၅ မှ

ရည်ရွယ်ချက်၊ အကြောင်းအရာ၊ အရေးအသားနဲ့ သုတရသ သင်ခန်းစာတွေကို လေ့လာရမှာဖြစ်ပါတယ်။ ဒီမေးခွန်းမှာလည်း ကဗျာမေးခွန်းတုန်းကလိုပဲ မေးခွန်းရဲ့ ဦးတည်ချက်ကို ခွဲခွဲခြားခြားသိဖို့ လိုအပ်ပါတယ်။ မေးထားတဲ့မေးခွန်းဟာ အကြောင်းအရာကို ဦးတည်မေးတာလား၊ အရေးအဖွဲ့ကို ဦးတည်မေးတာလား အဲဒါတွေကို ကွဲကွဲပြားပြားနားလည်ရန် လိုအပ်ပါတယ်။

သာဓကအနေနဲ့ ၄ (ခ) မေးခွန်းဖြစ်တဲ့ "မိခင်သောက" စကားပြေမှ ဥပမာအလင်္ကာအဖွဲ့များ အကြောင်းမေးခွန်းကို တင်ပြလိုပါတယ်။ ဒီမေးခွန်းကိုဖြေတဲ့အခါမှာ ဒီစကားပြေမှာ ဥပမာအလင်္ကာ ဆယ်ခုရှိပြီး ဒီဥပမာအလင်္ကာအဖွဲ့ကောင်းများကြောင့် မိခင်တစ်ဦး၏သောက ပေါ်လွင်စေကြောင်း၊ ဥပမာအလင်္ကာတစ်ခုစီကို မိခင်တစ်ဦး၏ ခံစားချက်နှင့်ယှဉ်တွဲ၍ ဝေဖန်သုံးသပ်ပြရန် ဖြစ်ပါတယ်။ သားသမီးတို့နှင့်အတူနေရသော ယခင်အခြေအနေနှင့် သားသမီးတို့ကို မတွေ့ရသော ယခုအခြေအနေတို့ကို နှိုင်းယှဉ်လျက် ပုံပန်းသဏ္ဌာန် အမူအရာပြ ဥပမာအလင်္ကာအဖွဲ့ကောင်းများ၊

စိတ်ခံစားမှုအခြေအနေပြ ဥပမာအလင်္ကာအဖွဲ့ကောင်းများ၏ အစွမ်းအာနိသင်တို့ကြောင့် မိခင်သောကခံစားမှုအရှိန်တိုးမြင့်လာပုံ၊ သားပျောက်မိခင်တစ်ဦး၏ ဝေဒနာတိုး၍ ဆိုး၍ခံစားလာရပုံတို့ကို မိခင်တစ်ဦး၏ ကိုယ်နှုတ်အမူအရာမှတစ်ဆင့် စာဖတ်သူတို့ပါ ကူးစက်လာရပုံ၊ စိတ်မျက်စိ၌ ထင်မြင်လာပုံ၊ နှုတ်မှ တတွတ်တွတ်မြည်တမ်းပုံတို့ကို စိတ်နားထဲကြားယောင်လာအောင် သရုပ်ဖော်တင်ပြရန် ဖြစ်ပါတယ်။ အမေးနဲ့အဖြေ ကိုက်ညီဖို့ အရေးကြီးပါတယ်။

မေးခွန်း(၅)ကတော့ ရေသည်ပြဇာတ်မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းမှာလည်း ပုဒ်ခွဲ(က)နဲ့ (ခ) ဆိုပြီးတော့ ၂-ပုဒ် မေးထားပါတယ်။ ပုဒ်ခွဲ(က)မှာ စကားစပ် မေးပါတယ်။ စကားစပ်ကို ဖြေတဲ့အခါမှာတော့ ပေးထားတဲ့စာပိုဒ်ဟာ ဘယ်အခန်းက စကားဖြစ်တယ်။ ဘယ်သူက ဘယ်သူ့ကို ဘယ်အချိန် ဘယ်နေရာမှာ ဘာအကြောင်းနဲ့စပ်ပြီး ဘယ်လိုပြောတယ်ဆိုတာကို မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံ ရေးနိုင်ရပါမယ်။ ဒီမေးခွန်းကို ဖြေနိုင်ဖို့အတွက် ပြဇာတ်ကို ကျေညက်နေအောင် လေ့လာထားရပါမယ်။

"အလှည့်သင့်ချက်ပိုင်၊ ကြက်ကန်းခွပ်လို့၊ ပွဲကျွတ်အောင်နိုင်သေးသပ၊ ကံဆိုင်လို့ တကယ်၊ ချက်ကောင်းကို တွယ်မိလျှင်၊ ရေသည်မောင်မောင် လူနေလှလို့၊ ရွှေချသလို ပြောင်လိမ့်မယ်။" ဆိုတဲ့ စာသားကို စကားစပ်အနေနဲ့ ဖြေမယ်ဆိုရင်

စာသားဟာ ဦးပုညရဲ့ ရေသည်ပြဇာတ် အခန်း(၁) သို့တည်းမဟုတ် ရေသည်ယောက်ျား စကားဆိုခန်း အဲဒီအခန်းထဲက ထုတ်နုတ်တဲ့စာပိုဒ်ဖြစ်ကြောင်း ပြောပြရပါမယ်။ ပြီးတော့စာပိုဒ်ကို ရေသည်ယောက်ျားက ရေရောင်းထွက်လာတဲ့အချိန် ဗာရာဏသီမြို့ မြောက်မျက်နှာအရပ်မှ ပင်ပန်းဆင်းရဲလှတဲ့ မိမိရဲ့ဘဝကို အားတင်းလိုခြင်းနဲ့ ဆက်စပ်ပြီး တစ်ကိုယ်တည်း ပြောဆိုသောစကားဖြစ်သည်လို့ ဖြေရမှာဖြစ်ပါတယ်။ ဒီအဖြေမှာ မည်သည့်အခန်း၊ မည်သူက၊ မည်သူ့ကို၊ မည်သည့်အချိန်၊ မည်သည့်နေရာ၊ မည်သည့်အကြောင်းနဲ့စပ်လျဉ်းပြီး မည်သို့ပြောတယ်ဆိုတဲ့ စကားစပ်ရဲ့ အချက်(၆)ချက်စလုံး ပါဝင်တာကိုတွေ့ရပါမယ်။ စကားစပ်(၆)ချက်ကို ပြည့်စုံအောင် ဖြေနိုင်ရင် အမှတ်ပြည့်ရမှာဖြစ်ပါတယ်။

စကားစပ်ကိုဖြေတဲ့နေရာမှာ သိထားရမယ့်အချက်အလက်တွေရှိပါတယ်။ အဲဒါကတော့ မည်သည့် အခန်းကဆိုတာကို ဖော်ပြတဲ့အခါမှာ အခန်း(၁) အခန်း(၂) စသည်ဖြင့် ဖော်ပြနိုင်ပါတယ်။ ဒါမှမဟုတ် ရေသည်ယောက်ျားစကားဆိုခန်း၊ ရေသည်မိန်းမစကားဆိုခန်း၊ ရေသည်ယောက်ျား ရေရောင်းထွက်သောအခန်း စသည်ဖြင့် အခန်းရဲ့အမည်ကိုလည်း ဖော်ပြနိုင်ပါတယ်။ ဒါမှမဟုတ် အခန်း(၅) အိမ်ရှေ့မင်းနောင်တရခန်း စသည်ဖြင့် အခန်းအမှတ်ရော အခန်းအမည်ရော နှစ်မျိုးလုံး တွဲပြီးတော့လည်း ဖော်ပြလို့ရပါတယ်။

စကားစပ်မှာ နောက်ထပ်သတိပြုရမယ့်အချက်တွေကတော့ တစ်ကိုယ်တည်းစကားတွေကို ဖြေဆိုတဲ့အခါမှာ ဘယ်သူက ဘယ်သူ့ကိုဆိုတာကို ရှာဖွေနေစရာ၊ ပြောစရာမလိုပါဘူး။ မိမိတစ်ကိုယ်တည်း ပြောသောစကားဖြစ်သည်လို့ ဖြေရင် လုံလောက်ပါတယ်။ အချိန်ကိုလည်း နံနက်အချိန်၊ မွန်းတည့်ချိန် စသည်ဖြင့်ဖော်ပြနိုင်သလို ရေသည်မိန်းမ ရေရောင်းထွက်ချိန်၊ ရေသည်ယောက်ျား ရေရောင်းထွက်ချိန် စသည်ဖြင့် ဖော်ပြနိုင်ပါတယ်။ ရေသည်ယောက်ျား နေပူထဲ ပြေးလွှားနေတာကို ဥဒယမင်းကြီး ရွှေမှန်ပြောင်းနဲ့ ကြည့်တဲ့အချိန်ဟာ မွန်းတည့်ချိန်ဖြစ်တယ်။ ရေသည်ပြဇာတ်မှာ မွန်းတည့်ချိန်ကလွဲပြီး ကျန်အချိန်များကို အတိအကျမဖော်ပြထားတဲ့အတွက် ဖြစ်ရပ်ကို အချိန်လုပ်ပြောရမှာဖြစ်တယ်။ ဥပမာ- ရေသည်ယောက်ျားအိမ်ရှေ့မင်းနှင့် ဥဒယမင်းကြီး ဥယျာဉ်ကစားထွက်ချိန်၊ အိမ်ရှေ့မင်း တောထွက်ရန် ခွင့်ပန်ချိန် စသဖြင့် ပြောရမှာဖြစ်တယ်။

နောက်တစ်ခုကတော့ စကားစပ်မှာ ဖြေရမယ့်ဆိုလိုရင်းအဓိပ္ပာယ်ကိစ္စ ဖြစ်ပါတယ်။ ပေးထားတဲ့ စာပိုဒ်ရဲ့ အဓိပ္ပာယ်ကို ဖြေရတဲ့အခါမှာ သတိပြုရမယ့်အချက်ကတော့ မူရင်းစာပိုဒ်အတိုင်း ပြန်မရေးရပါဘူး။ ဆိုကြပါစို့ "အလှည့်သင့် ချက်ပိုင်၊ ကြက်ကန်းခွပ်လို့၊ ပွဲကျွတ်အောင်နိုင်သေးသပ" ဟု ဆိုတာမျိုး ဖြေလို့မရပါဘူး။ အဲဒီလို မူရင်းစာကို သည်တွေ၊ ၏တွေထည့်ပြီး ဖြေဆိုတာမျိုးလည်း မဖြစ်သင့်ပါဘူး။ "ရေသည်ယောက်ျားသည် အလှည့်သင့်ချက်ပိုင်သည်။ ကြက်ကန်းခွပ်လို့ ပွဲကျွတ်အောင်နိုင်သေးသည်။ ကံဆိုင်လို့ တကယ်ချက်ကောင်းကို တွယ်မိသည်။" စသည်ဖြင့် သည်တွေ၊ ၏တွေ ထည့်ပြီး ဖြေတာမျိုးဟာ ဆိုလိုရင်းအဓိပ္ပာယ်ကို မသက်ရောက်ပါဘူး။ အဲဒီလိုပဲ မပါတဲ့အချက်တွေ ပေးထားသောစာပိုဒ်မှာ ထည့်သွင်းဖော်ပြထားခြင်းမရှိတဲ့အချက်တွေကို ထည့်ပြီးတော့ မရေးရပါဘူး။ ဆိုကြပါစို့ "ရေသည်မောင်မောင်သည် ရွှေချသလိုပြောင်လိမ့်မည်။" "ယခုအခါမှာတော့ ရေချိုနှင့်ဆန်လဲရအောင် ရေချိုရောင်းထွက်တော့မည်။" စသည်ဖြင့် မပါတဲ့စကားကိုဆက်ပြီး ထည့်ရေးတာမျိုး မဖြစ်သင့်ပါဘူး။ ဆိုလိုရင်းအဓိပ္ပာယ်ကို ဖြေတဲ့အခါမှာ မိမိစကားပြေနဲ့ ပြေပြေပြစ်ပြစ် ပြန်လည်ရေးသားဖို့တော့ အထူးလိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီမေးခွန်းတွေဖြေနိုင်ဖို့ ပြဇာတ်ကို ကျေညက်နေအောင် လေ့လာထားရုံမျှသာမက ကိုယ့်စကားနဲ့ကိုယ် ပြန်လည်ရေးတတ်ဖို့ လေ့ကျင့်ထားဖို့လည်း လိုအပ်ပါတယ်။

မေးခွန်း(၅) ပုဒ်ခွဲ (ခ)မှာတော့ ရေသည်ပြဇာတ်ရဲ့ အကြောင်းအရာကဏ္ဍကို မေးမှာဖြစ်ပါတယ်။ ပြဇာတ်ရဲ့ အကြောင်းအရာကဏ္ဍကို ၂-ပိုင်းခွဲလို့ ရပါတယ်။

(၁) ကတော့ ဇာတ်လမ်းအဖြစ်အပျက်ပိုင်း ဖြစ်ပါတယ်။

(၂) က ဇာတ်ဆောင်စရိုက်အဖွဲ့ ဖြစ်ပါတယ်။

ဇာတ်လမ်းအဖြစ်အပျက်ပိုင်းမှာ ၅ ပိုင်းရှိပါတယ်။

(၁) ရေသည်ယောက်ျားနှင့် ရေသည်မိန်းမဆင်းရဲပုံ

(၂) က- ရေသည်ယောက်ျား ငွေလေးရွေးတပ်မက်ပုံ

(၃) က- ဥဒယမင်းအား သတ်ရန်ကြံစည်ပုံ

(၄) က- အိမ်ရှေ့မင်းသား သတိသံဝေဂရပုံနဲ့

(၅) က- တောထွက်ရန်ပြောဆိုပုံတို့ ဖြစ်ပါတယ်။

အဲဒီဇာတ်လမ်းအဖြစ်အပျက် (၅)မျိုးကို အကြောင်းအရာကဏ္ဍမှာ မေးပါမယ်။ နောက်တစ်ပိုင်းက ဇာတ်ဆောင်စရိုက်အဖွဲ့ ဖြစ်ပါတယ်။ ဇာတ်ဆောင်စရိုက်မှာ ရေသည်ယောက်ျား၊ ရေသည်မိန်းမ၊ ဥဒယမင်းကြီး ဆိုတဲ့ ဇာတ်ဆောင် ၃-ယောက်ရဲ့ စရိုက်တွေကို မေးလေ့ရှိပါတယ်။

အဲဒီအကြောင်းအရာမေးခွန်းတွေကို ဖြေတဲ့အခါမှာလည်း စကားစပ်ရဲ့ ဆိုလိုရင်းအဓိပ္ပာယ်ကို ဖြေသလိုပဲ ဇာတ်စာမူရင်းအတိုင်း မရေးရပါဘူး။ မေးတဲ့မေးခွန်းနဲ့ မသက်ဆိုင်တဲ့ အချက်အလက်တွေကိုထည့်ပြီး မရေးရပါဘူး။ ဒါပေမယ့် ရေသည်ပြဇာတ်စာဆို ဦးပုညရဲ့ သူသုံးစွဲခဲ့တဲ့ စကားလုံးတွေ၊ အသုံးအနှုန်းတွေ၊ သူရေးသား တင်ပြခဲ့တဲ့ အချက်အလက်တွေကိုတော့ သုံးစွဲရေးဖွဲ့ရမှာ ဖြစ်ပါတယ်။ ရေးတဲ့အခါမှာ ကိုယ်ပိုင်စကားပြေနဲ့ ရေးရမှာဖြစ်ပါတယ်။

ကိုယ်ပိုင်စကားပြေကို ပိုပြီးအသက်ဝင်အောင်ဆိုပြီး ပြဇာတ်စာသားအကိုးအကား ထည့်မယ် ဆိုရင်လည်း ထည့်ရေးနိုင်ပါတယ်။

သာဓကအနေနဲ့ အကြောင်းအရာ မေးခွန်းတစ်ခုကိုဖြေဆိုပြပါမယ်။ ဆိုကြပါစို့။ ရေသည်မိန်းမရဲ့ ရုပ်အသွင်အပြင်၊ အပြင်အဆင်နဲ့ဘဝအခြေအနေ (၃)ပိုင်း မေးထားတဲ့အတွက် (၃)ပိုင်းစလုံးပါအောင် ဖြေတတ်ရပါမယ်။ မူရာတော်နွဲ့နောင်းနဲ့ ရေရောင်းတဲ့ ရုပ်အသွင်၊ ရေအိုးကို ခေါင်းမှာရွက်ပြီး ရေရောင်းထွက်တဲ့ရုပ်သွင်၊ တမာသီးလောက် ဆံထုံးလေးထုံးထားတဲ့ရုပ်သွင်၊ အစပ်တစ်ရာ အဖာဗရပျစ်နဲ့ ညစ်နေတဲ့ထဘီကို ဝတ်ဆင်ရတဲ့ အဆင်အပြင်၊ အစားအသောက်အနေအထိုင် အလွန်ဆင်းရဲတဲ့ ဘဝအခြေအနေ၊ နှစ်သက်လောက်သူမတွေ့၍ အပျိုကြီးလုပ်ကာ မိမိငွေလေးရွေးအတွက် ကျိတ်ပူနေရတဲ့ ဘဝအခြေအနေတို့ကို ပြဇာတ်ပါဇာတ်လမ်းနဲ့ ဆက်စပ်ပြီး ဖြေပေးရမှာဖြစ်တယ်။ ရေသည်မိန်းမ ဆင်းရဲပုံအကြောင်းလောက်ပဲဖြေရင် မပြည့်စုံပါဘူး၊ ဂုဏ်ထူးမှတ်ရချင်ရင် မေးတဲ့အချက်အကုန်ပါအောင်ဖြေတတ်ဖို့ အလွန်အရေးကြီးလှပါတယ်။

မေးခွန်း(၆)ကတော့ စာစီစာကုံးမေးခွန်းဖြစ်ပါတယ်။ စာစီစာကုံးဟာ မြန်မာစာ မေးခွန်းလွှာမှာ အမှတ်အများဆုံးပေးထားတဲ့ မေးခွန်းတစ်ပုဒ်ဖြစ်ပါတယ်။ အမှတ်(၂၀) ပေးတဲ့မေးခွန်းဖြစ်ပါတယ်။ ခေါင်းစဉ် ၃-ခု ပေးထားပြီးတော့ အဲဒီခေါင်းစဉ် ၃-ခုထဲက နှစ်သက်ရာတစ်ခုကို ဖြေဆိုရမှာ ဖြစ်ပါတယ်။ ခေါင်းစဉ် ၃-ခုလုံးမှာလည်း ပုံကြမ်းအချက်အလက်တွေ ပေးထားမှာဖြစ်ပါတယ်။ စာစီစာကုံးရေးတဲ့အခါမှာ ပုံကြမ်း အချက်အလက်တွေကို အခြေခံပြီးတော့ ရေးရမှာဖြစ်ပါတယ်။

(က) ရိုးရာပွဲတော် တို့နွဲ့ပျော်

(ခ) နှုတ်ချို သျှိုတစ်ပါး

(ဂ) လူငယ်နှင့်မူးယစ်ဆေးဝါး ဆိုပြီးတော့ ၃-ပုဒ်ပေးထားပါတယ်။

အဲဒီ ၃-ပုဒ်ထဲက ၁-ပုဒ်ကို သာဓကအနေနဲ့ ဖြေဆိုကြည့်ရအောင်။

"ရိုးရာပွဲတော် တို့နွဲ့ပျော်"

ဒီစာစီစာကုံးရဲ့ ခေါင်းစဉ်ရဲ့အောက်မှာ ပုံကြမ်းအချက်အလက်တွေပါ ပါတယ်။ ပထမအချက်က မြန်မာတို့၌ ရိုးရာပွဲတော်များရှိပုံ၊ ပါဝင်ဆင်နွှဲကြပုံ၊ ဒုတိယအချက်က ပါဝင်ဆင်နွှဲသူတို့၏ လှုပ်ရှားမှုပုံရိပ်များ၊ ပျော်ရွှင်ကြပုံ၊ တတိယအချက်က ပွဲတော်ကို အရုပ်ဆိုးအကျည်းမတန်အောင် ထိန်းသိမ်းသင့်ပုံ၊ စတုတ္ထအချက်က အနှစ်သာရရှိရှိကျင်းပဆင်နွှဲသင့်ပုံ စသည်တို့ဖြစ်တယ်။

စာစီစာကုံးရေးတဲ့အခါမှာ ကျောင်းသူ ကျောင်းသားများဟာ ပေးထားတဲ့ပုံကြမ်းကို အခြေခံပြီး နိဒါန်း၊ စာကိုယ်၊ နိဂုံးအချိတ်အဆက်မိအောင် ပုံကြမ်းအချက်အလက်တွေကို တစ်ချက်ချင်း အကျယ်ချဲ့ရေးဖို့ လိုအပ်ပါတယ်။ အဲဒီလိုပြောတဲ့ အတွက်ကြောင့်မို့လို့ ပုံကြမ်းအပြင် တခြားအချက်တွေထည့်ပြီး မရေးရဘူးလို့ ဆိုလိုတာမဟုတ်ပါဘူး။ ခေါင်းစဉ်နဲ့ဆီလျော်တဲ့ တခြားအချက်တွေရှိရင်လည်း ထည့်သွင်းပြီးတော့ ရေးနိုင်ပါတယ်။ နှုတ်ပြောစကားနဲ့ ရေးရင် အောင်မှတ်မရနိုင်ဘူးဆိုတာ သတိပြုသင့်တယ်။ ပုံကြမ်းအချက်အလက် တွေရယ်၊ ခေါင်းစဉ်နဲ့ဆီလျော်တဲ့ ကိုယ်ပိုင်အချက်အလက်တွေရယ်ကို အသုံးပြုပြီး ရှင်းရှင်းလင်းလင်း ပြေပြေပြစ်ပြစ်ရေးနိုင်ဖို့ပဲ လိုအပ်ပါတယ်။

ဗဟုသုတများ၊ အတွေးအမြင်များကိုလည်း ထည့်သွင်းပြီးရေးလို့ရပါတယ်။ ခေါင်းစဉ်နဲ့ ဆီလျော်တဲ့ အတွေးအခေါ် အတင်အပြမျိုးဖြစ်ပြီး အရေးအသားလည်း ချောချောမွေ့မွေ့ ပြေပြေပြစ်ပြစ်ရေးမယ်ဆိုလို့ရှိရင် အမှတ်ကောင်းကောင်းရမှာ ဖြစ်ပါတယ်။

စာစီစာကုံးကတော့ ပုံကြမ်းအတိုင်း လိုက်ရေးနိုင်ရင်ပဲ အောင်မှတ်ရနိုင်တဲ့အတွက်ကြောင့်မို့လို့ စာစီစာကုံးသည် ခေါင်းစဉ်နဲ့ဘောင်ဝင်တဲ့ စာစီစာကုံးဖြစ်နေမှာ သေချာပါတယ်။ ဒါပေမယ်လို့ စာစီစာကုံးကောင်း တစ်ပုဒ်ရေးနိုင်ဖို့ အတွက်ကတော့ ကြိုတင်လေ့ကျင့်ရေးသားခြင်းတော့ ရှိရပါမယ်။ သူများရေးထားတာတွေကို ကျက်မဖြေသင့်ပါဘူး။ စာစီစာကုံးဖြေရာမှာ မိမိတစ်ဦးတည်းရဲ့အကြောင်းကို ရေးရန်မဟုတ်။ သဘောတရားကို ရေးရန်ဖြစ်တယ်။ ဥပမာ- မိဘကျေးဇူးအကြောင်းရေးရင် မိမိတစ်ဦးတည်းရဲ့ မိဘအကြောင်းမဟုတ်ဘဲ လူများအားလုံးရဲ့ မိဘများရဲ့ သဘောတရားကို ရေးရမှာ ဖြစ်တယ်။ လူငယ်နှင့်မူးယစ်ဆေးဝါးဆိုရင်လည်း မူးယစ်ဆေးဝါးအန္တရာယ်ကြောင့် လူငယ်များ ပျက်စီးရပုံ၊ လူငယ်အများနဲ့ဆိုင်တဲ့ သဘောတရားကို ရေးရမှာ ဖြစ်တယ်။ စာစီစာကုံးရေးတဲ့အခါ ခေါင်းစဉ်ကို မှန်အောင်ရေးဖို့ သတိပေးလိုတယ်။ "နှုတ်ချို သျှိုတစ်ပါး" ခေါင်းစဉ်ကို နှုတ်ချို"လျှို"တစ်ပါး လို့ရေးကြတယ်။ ခေါင်းစဉ်မှားရင် ဒီအပုဒ်အတွက် အောင်မှတ်ရမှာ မဟုတ်တဲ့အပြင် ဂုဏ်ထူးမှတ်နဲ့ လွဲရလိမ့်မယ်။ စာစီစာကုံးဟာ ကျောင်းသားများရဲ့ မြန်မာစာပင်ကိုစွမ်းရည်ကို အကဲဖြတ်ခြင်းဖြစ်တဲ့အပြင် အမှတ်အများဆုံးရတဲ့အတွက် ဂုဏ်ထူးရအောင် အထူးလေ့ကျင့်ကြိုးစားကြပါ။

အားလုံးကိုခြုံပြောရရင် မြန်မာစာဘာသာရပ်ကို ဖြေဆိုတဲ့အခါ စာလုံးပေါင်းသတ်ပုံ မှန်ရမယ်။ ဖျက်ရာခြစ်ရာတွေနဲ့ ရှုပ်ပွနေမှုကင်းရမယ်။ နည်းရမယ်။ လက်ရေးလက်သား လှပသေသပ်ရမယ်။ မေးခွန်းနဲ့ အဖြေ လွဲမှားမှုမရှိအောင်ဂရုစိုက်ရမယ်။ ဖြေပြီးတဲ့ မိမိအဖြေလွှာကို ပြန်စစ်ကြည့်ရမယ်။ စာရွက်အပိုတွေ အပြည့်အစုံပါမပါ၊ အစီအစဉ် ကျ၊ မကျ ပြန်စစ်ဆေးဖို့ အထူးလိုအပ်ပါတယ်။ အခုဆွေးနွေးခဲ့တဲ့ အချက်တွေဟာ မြန်မာစာကို ကျက်မှတ်လေ့လာဖြေဆိုရာမှာ ကောင်းစွာအထောက်အကူပြုလိမ့်မယ်လို့ ယုံကြည်မိပါတယ်။

မြန်မာစာဘာသာရပ်ကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာနဲ့ ကောင်းမွန်မှန်ကန်စွာ ဖြေဆိုနိုင်ကြပါစေလို့ ဆန္ဒပြုရင်း ပို့ချချက်ကို ရပ်နားလိုက်ပါတယ်။



ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
မော်တော်ယာဉ် အလုပ်ရုံအမှတ်(၃)
အခြေခံယာဉ်မောင်းသင်တန်းကျောင်း

- အခြေခံယာဉ်မောင်းသင်တန်းအပတ်စဉ်(၂၃၂)ကို ၈-၂-၂၀၁၂ရက်နှင့် စနေ/တနင်္ဂနွေအထူးသင်တန်းကို ၄-၂-၂၀၁၂ရက်တွင် ဖွင့်ပါမည်။
- ၁၉၉၃ ခုနှစ်မှစ၍ ဝါရင့်အင်ဂျင်နီယာကြီးများဖြင့် သင်ကြားပို့ချပေးသည်။
- သင်တန်းသားဦးရေ ကန့်သတ်ထားပါသဖြင့် အမြန်ဆုံးစာရင်းပေးသွင်းနိုင်ပါသည်။
- သင်မောင်းလိုင်စင်နှင့် "ခ" လိုင်စင်ရရှိရေး ကူညီဆောင်ရွက်ပေးသည်။
- လမ်းညွှန် - ပုဇွန်တောင်စာတိုက်နှင့် အသင်းတိုက်မှတ်တိုင်ကြား
- အထူး-၃၄၊ ၃၃၃၊ ၂၁၃၊ ၅၀၊ ၄၂ စီး၊ အသင်းတိုက်မှတ်တိုင်ဆင်းရန်။

ဖုန်း-၀၁-၂၉၀၃၁၂

ဖခင် အမည်မှန်
မမြတ်ပန်းဖြူ အထက-၉ မော်လမြိုင်၊ အဋ္ဌမတန်း (A)၏ ဖခင်အမည်မှန်မှာ ဦးဌေးကြည် ဖြစ်ကြောင်း။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၁)၊ မြေကွက်အမှတ်(၈၀၄)၊ မြေကွက်တည်နေရာ ၊ ဒေါ်အုံးရွှေအမည်ပေါက်နှစ်(၆၀) မြေငှားဂရန် (စီမံချက်ဂရန်) မြေအား အမည်ပေါက် မိခင်ဒေါ်အုံးရွှေနှင့် ဖခင်ဦးလှကြိုင် ကွယ်လွန်သဖြင့် ဒေါ်စန်းစန်းရီ [၁၂/ကမတ(နိုင်) ဝ၃၈၂၂၆]၊ ဒေါ်အေးအေးမြင့် [၁၂/ကမရ(နိုင်) ဝ၁၅၅၂၁]၊ ဒေါ်သန်းသန်းဆင့် [၁၂/ကမရ(နိုင်)ဝ၁၅၅၅၆]၊ ဦးသန်းထွေး [၁၂/ကမရ(နိုင်)ဝ၁၇၆၁၄]တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကိုန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ယတြာဆရာမ
ဖြစ်ချင်တာတွေ မဖြစ်သေးရင်၊ မဖြစ်ချင်တာတွေဘဲ ဖြစ်နေတယ်ဆိုရင် အဆင့်မြင့်ယတြာများ ဆောင်ရွက်ပေးပါတယ်။ ကိုယ်ရေးလုံခြုံမှုကို အာမခံပါတယ်။ **ဖုန်း-၀၉-၅၀၇၅၈၂၇**

ပျောက်ဆုံးကြောင်း
မောင်စောမောင်(ခ)အဗ္ဗဒူတ်(စ်) စမတ်ပတ်စ်ပို့အမှတ်(၅၉၅၇၈၂) သည် ခရီးသွားရင်းပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၁၅၆၄၉၇**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန်အထက်လွှတ်တော်အမတ် မစ္စတာ ဂျွန်မက်ကိန်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၂

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန်အထက်လွှတ်တော်အမတ်များဖြစ်ကြသော Mr. John Sidney McCain၊ Mr. Joseph Isadore Lieberman၊ Mr. Sheldon Whitehouse နှင့် Mrs. Kelly Ann Ayotte တို့ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် အမေရိကန် အထက်လွှတ်တော်အမတ်များ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံရုံး ယာယီတာဝန်ခံ Mr. Michael E. Thurston လည်း တက်ရောက်သည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ချစ်ကြည်ရေးဆိုင်ရာကဏ္ဍများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံ လွှတ်တော်ဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

(သတင်းစဉ်)

လက်ခံတွေ့ဆုံ

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန် အထက်လွှတ်တော်အမတ်များ ဖြစ်ကြသော Mr. John Sidney McCain ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ဇမ္ဗူသီရိ ဧည့်ခန်းမဆောင်၌ လက်ခံ တွေ့ဆုံစဉ်။

(သတင်းစဉ်)

စာဖတ်ရှိန်မြှင့်တင်ရေးအစီအစဉ်များအား အခြေခံပညာကျောင်းများကိုအခြေခံ၍ အကောင်အထည်ဖော်လျက်ရှိ တိုင်းပြည်နှင့်လူမျိုးအကျိုးကို ရှေးရှုသည့် အမျိုးသားရေးလုပ်ငန်းတာဝန်များဖြစ်၍ ပြည်သူတစ်ရပ်လုံးဝိုင်းဝန်းပါဝင်

ရန်ကုန် ဇန်နဝါရီ ၂၂

အနာဂတ်နိုင်ငံတော်၏ အင်အားများဖြစ်သည့် ကျောင်းသား၊ ကျောင်းသူများအား စာကြည့်တိုက်၏ အကျိုးကျေးဇူးများကို သိရှိလာစေရန်နှင့် စာပေဖတ်ရှုသည့်အလေ့အထများ ဖွံ့ဖြိုးတိုးတက်လာစေရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန၊ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းနှင့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့တို့ ပူးပေါင်းကျင်းပခဲ့သည့် ဗိုလ်တထောင်မြို့နယ် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း အောင်ကျော်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း နာယက ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဗိုလ်တထောင်မြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဆုရကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြပြီး ဗိုလ်တထောင်မြို့နယ် အမှတ်(၆)နှင့် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက "ပြည်မြန်မာ" သီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းနာယက ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ အသိပညာဗဟုသုတ တိုးတက်မြင့်မားစေရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေး အစီအစဉ်များအား အခြေခံပညာကျောင်းများကို အခြေခံ၍ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းနာယက ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ အထက(၃) ဗိုလ်တထောင်မှ မနှင်းလဲ့ရည်ဦးအား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)